# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**မကောင်းမှုကိုရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးများသည် ဘေးအန္တရာယ်များသော ခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသော သူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 6 April 2021 ၁၀၃၃၉



**ကြေးမုံ ယနေ့ ဖတ်စရာ**

လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

စာမျက်နှာ » ၅

- - - - - - - -

ပြည်သူတွေရဲ့ ကျန်းမာရေး ကွက်လပ်ဖြည့်ပေးပါ

စာမျက်နှာ » ၆

- - - - - - - -

အမှန်တရားအချို့ဟာ ခါးနေနိုင်ပါတယ်

စာမျက်နှာ » ၈

- - - - - - - -

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ သတင်းထုတ်ပြန်ချက်

စာမျက်နှာ » ၁၈




ဘုရင့်နောင်တံတား အမှတ်(၂)တွင် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကို ဧပြီ ၅ ရက်က တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ဆက်သွယ်ထားသော လှိုင်မြစ်ကူးတံတားကြီး လေးစင်းတွင် ကုန်စည်များပုံမှန်စီးဆင်းလျက်ရှိ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ဘုရင့်နောင်တံတားအမှတ် (၁) နှင့် အမှတ် (၂) တို့သည် ယခုအခါ လမ်းပိတ်အတားအဆီးများ မရှိတော့သဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသည်တင်ယာဉ်များ ပုံမှန်အတိုင်း စီးဆင်းလျက်ရှိကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ကို ဆက်သွယ်ထားသော ဘုရင့်နောင်တံတားအမှတ်(၁)၊ အမှတ်(၂)၊ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားတို့သည် ယခုအခါ ပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်၍ ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ရှိ ထွက်ကုန်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိသည်။

ယနေ့အချိန်တွင် အေးချမ်းစွာနေထိုင်လိုသော ပြည်သူများအတွက် လမ်းပန်းဆက်သွယ်မှုမြန်ဆန်စေရေးနှင့် ကုန်စည်စီးဆင်းမှုအဆင်ပြေစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်း၍ လမ်းပိတ်အတားအဆီးများကို ရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယနေ့ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းကြောင့် မိုးအဆက်မပြတ် ရွာသွန်းနေမှုကို အန်တုကာ ဘုရင့်နောင်တံတားအမှတ်(၁) နှင့် အမှတ် (၂) တို့အပေါ်တွင် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်များသည် အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနေမှုကို ဧပြီ ၅ ရက်က မြင်တွေ့ရသည်။ စောလှိုင်ဝင်း



# ရန်ကုန်မြို့တွင်း လမ်းပိတ်အတားအဆီးများ ဆက်လက်ရှင်းလင်းလျက်ရှိ

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့အတွင်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများက အများပြည်သူသွားလမ်းများပေါ်တွင် လမ်းပိတ်အတားအဆီးများ ပြုလုပ်ထားခြင်းကြောင့် ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများ ပူးပေါင်း၍ ယန္တရားများ၊ မြေသယ်ယာဉ်များအသုံးပြုကာ ဖယ်ရှားရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှင်းလင်းရာတွင် ယနေ့နံနက်ပိုင်းက တာမွေမြို့နယ် ၁၆၄ လမ်း၊ ၁၆၅ လမ်းရှိ သဲအိတ်များ၊ ဝါးကပ်များ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပုဏ္ဏမီလမ်း၊ ပိတောက်လမ်း၊ ငုဝါလမ်းရှိ သဲအိတ်များ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရတနာပုံလမ်း၊ ကျွန်စစ်သားလမ်း၊ (၅၃)ရပ်ကွက်နှင့် (၇၂)ရပ်ကွက်ရှိ အတွင်းလမ်းများမှ ဝါးလုံးများ၊ ဝါးကပ်များ၊ သဲအိတ်များ၊ အင်းစိန်မြို့နယ် လမ်းသစ်လမ်း၊ မင်းကြီးလမ်း၊ တညင်းကုန်းလမ်းဆုံ၊ ရွှေပြည်သာတံတားလမ်းရှိ

စာမျက်နှာ ၄ ကော်လံ ၁ သို့ □

ကြေးမုံ

# ရပ်ရွာအေးချမ်းသာယာရေး ပူးပေါင်းဆောင်ရွက်ပေး

မြန်မာနိုင်ငံသည် ဒီမိုကရေစီကျင့်သုံးနေသော နိုင်ငံဖြစ်သည်။ ဒီမိုကရေစီယဉ်ကျေးမှုအရ ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်ရှိသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေအရ ဆန္ဒထုတ်ဖော်ရာတွင် သတိပြုသင့်သည့်အချက်များရှိသည်။ လက်ရှိအခြေအနေတွင် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခြင်းအဆင့်မှ လူစုလူဝေးဖြင့် ဆန္ဒပြမှုသို့ ပြောင်းလဲလာခဲ့ပြီး NLD ပါတီဝင်များ၊ NLD ပါတီ အစွန်းရောက်ထောက်ခံသူများ၏ ဦးဆောင်လှုပ်ရှားမှု၊ နောက်ကွယ်မှ ကြိုးကိုင်စီစဉ်မှုများကြောင့် အချို့မြို့ကြီးများတွင် မင်းမဲ့စရိုက်ပုံစံ လူစုလူဝေးဖြင့် ဆူပူဆန္ဒပြ အကြမ်းဖက်တိုက်ခိုက်သည့်အသွင်များ ဖြစ်ပေါ်လာခဲ့သည်။

ဆူပူအကြမ်းဖက်ဆန္ဒပြအသွင် လှုပ်ရှားမှုများကို လုပ်ဆောင်ရာတွင် NLD ပါတီဝင် အစွန်းရောက်များနှင့် တရားဥပဒေကို ချိုးဖောက်ပြီး ထွက်ပြေးတိမ်းရှောင်နေသော ဝရမ်းပြေးများသည် NLD ပါတီ အာဏာပြန်လည်ရရှိရေးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းရေးအတွက် CDM လှုပ်ရှားမှုများနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုအမျိုးမျိုးကို ပြုလုပ်လာကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်း၊ ရဲစခန်းများအား လူစုလူဝေးဖြင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခြင်း၊ အုပ်ချုပ်ရေးရုံး၊ အစိုးရရုံး၊ ဌာန၊ စာသင်ကျောင်းများကိုပါ မီးရှို့ခြင်းအပါအဝင် လက်နက်ကိုင်ပုန်ကန် အကြမ်းဖက်တိုက်ခိုက်သည့်အဆင့်သို့ ကူးပြောင်းရောက်ရှိလာကြသည်။

NLD ပါတီဝင် အစွန်းရောက်များ၏ ဦးဆောင်ပါဝင်မှုနှင့် လူဆိုးလူမိုက်နှင့်အကြမ်းဖက်သမားများကို ထောက်ပံ့စေခိုင်းမှုများကြောင့် အချို့မြို့ကြီးများတွင် လူစုလူဝေးဖြင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်ကြရာ အပြစ်မဲ့ပြည်သူများ၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရက်ရက်စက်စက် သတ်ဖြတ်ခြင်း၊ မြို့ရွာများ အထိတ်တလန့်ဖြစ်စေရန် ဓာတ်ဆီပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးကွင်းပစ်မီးရှို့ခြင်းတို့ကို ပြုလုပ်လာကြသည်။ NLD ပါတီဝင်နှင့် အပေါင်းပါအစွန်းရောက်များသည် လက်နက်ကိုင်ဆောင်ထားသည့် အကြမ်းဖက်အဖွဲ့ငယ်များကိုဖွဲ့စည်းပြီး တည်ငြိမ်အေးချမ်းစွာရှိနေသည့် မြို့ရွာရပ်ကွက်များတွင် အိမ်သုံးမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို အုပ်စုဖွဲ့လှည့်လည်လျက် အသင့်ယူဆောင်လာသော ဓာတ်ဆီပုလင်းများ၊ တာယာဟောင်းအပါအဝင် မီးလောင်လွယ်သည့် လောင်စာများကို လမ်းမကြီးများပေါ်တွင် စုပုံမီးရှို့ခြင်း၊ မီးရှို့သည်ကို တားမြစ်သည့် ပြည်သူများအား ရန်ရှာခြင်း၊ အေးချမ်းစွာနေထိုင်လိုသည့်ပြည်သူများအား ခြိမ်းခြောက်ခြင်း လုပ်ဆောင်မှုများကို လူမှုကွန်ရက်များပေါ်တွင် မြင်တွေ့နေရသည်။

ထို့ကြောင့် ယနေ့နိုင်ငံရေးလှုပ်ရှားမှုသည် ငြိမ်းချမ်းစွာဆန္ဒပြခြင်း၊ ဆူပူဆန္ဒပြခြင်း အခြေအနေများ မဟုတ်တော့သည်ကို သတိပြုဖို့လိုမည်ဖြစ်သည်။ လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သည့်ပုံစံမှာ သောင်းကျန်းသူများ၊ အဖျက်သမားများသာပြုလုပ်လေ့ရှိသည့် တမင်တကာကြံရွယ်ပြုလုပ်သော အဖျက်လုပ်ရပ်များဖြစ်သည်ကို သတိချပ်ဖို့လိုမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်သည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် အဓိကရည်ရွယ်ပြီး နိုင်ငံအနှံ့တွင် မတည်မငြိမ်မှုဖြစ်နေကြောင်းကို မီးလောင်မှုများဖန်တီးပြီး ပြည်သူများနှင့်နိုင်ငံတကာက အထင်အမြင်လွဲမှားအောင် ဖန်တီးနေခြင်းဖြစ်သည်။ ထို့အပြင် ထိုသို့မီးလောင်အောင် မီးရှို့ခြင်းသည် လုံခြုံရေးတပ်ဖွဲ့များက ပြုလုပ်သည်ဟု အထင်အမြင်လွဲမှားအောင် သတင်းတုများ၊ ပုံမှားရိုက်သည့် ပုံစံများဖန်တီးပြီး ပြည်သူလူထုနှင့်လုံခြုံရေးတပ်ဖွဲ့များအား ရန်တိုက်ပေးသည့် ကောက်ကျစ်ယုတ်မာသည့် လုပ်ရပ်များကို စီစဉ်လျက်ရှိသည်။

ဤသို့ တိုင်းဆူပြည်ဖျက် အဖျက်လုပ်ရပ်များကို ဥပဒေနှင့်အညီ ထိရောက်စွာကိုင်တွယ်ဖြေရှင်းရမည်သာ ဖြစ်သည်။ ပြည်သူလူထုနှင့်လုံခြုံရေးတပ်ဖွဲ့ အထင်အမြင် မလွဲမှားစေရေး၊ နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ပုံရိပ် မကျဆင်းစေရေးအတွက် ဝိုင်းဝန်းကာကွယ် တားဆီးကြရမည်သာဖြစ်သည်။ သို့ပါ၍ မြို့၊ ရွာ၊ ရပ်ကွက်၊ကျေးရွာများအတွင်း မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်ဖျက်ဆီးတိုက်ခိုက်မှုများပြုလုပ်လာပါက အချိန်မီထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေးအတွက် အနီးဆုံး လုံခြုံရေးတပ်ဖွဲ့များထံ အချိန်မီတိုင်ကြားနိုင်ကြောင်းနှင့် မြို့ရွာများ တည်ငြိမ်အေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးကြသည့် အကြမ်းဖက်သမားများအား ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိမိဘပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၅

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရွှေပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီ ၁၄ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာ တိုင်းရင်းသား ကဏ္ဍအချပ်ပိုကို ဧပြီ ၁၅ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာ အချပ်ပိုကို ဧပြီ ၁၈ရက် တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည် ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅-၄-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၄၀၀ | ၂၇၃ | ၂,၅၆၀,၂၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၅၃၃ | ၁,၈၆၁,၅၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၂ | ၁၅,၈၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၁၀ | ၂၁၅,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၅၀ | ၂၅ | ၆၇,၉၀၀ |
| EFR | ၃,၁၅၀ | ၃,၁၅၀ | ၆ | ၁၈,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၉၆.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၅၈.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၇.၈၃ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၇.၆၈၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၁.၃၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၄၁၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၄၀.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၂.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၃.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၂.၆၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေ့စာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက် အသွင်ပြောင်းလာ

ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် ပွိုင့် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ် လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်းကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများစသည့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း။ ထို့ပြင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာကြောင်း၊ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့်အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ လူငယ်လူရွယ်များကို အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ကင်းမဲ့စေသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်လာစေရန်၊ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပြီး နိုင်ငံတော်အတွက် အန္တရာယ်ရှိသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ်ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ဇေယျာသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရတနာစံပရိယတ္တိစာသင်တိုက် ရတနာဘိမတဓမ္မဗိမာန်တော်၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော်လှူဒါန်းပွဲ ကျင်းပသည်။

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ ရေဆင်းကန်ဦးကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝိလာသ အမှူးပြုသော ဆရာတော်ကြီးငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ ရေဆင်းကန်ဦးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသ ဆရာတော်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုတော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ဝေစည်နိုင်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးရပ်ကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြသော ဆရာတော် သံဃာတော်များအား ဆရာဒကာ တွဲလက်ညီညာစွာဖြင့် ပစ္စည်းလေးပါးတို့ကို နေရာအလိုက် ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ပါကြောင်း။

ဖေဖော်ဝါရီ ၈ ရက်မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ခွင့်ရရှိရေးဆောင်ရွက်ခဲ့ပါကြောင်း။ ယခုအခါ ဒေသအသီးသီးရှိ တန်ခိုးကြီးဘုရားစေတီများသို့ ရဟန်းရှင်လူပြည်သူအများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကုသိုလ်ယူနေကြသဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ယူရပါကြောင်း။

ယခုလို အခြေအနေမျိုးတွင် သာသနာ့ဝန်ဆောင်ဆရာတော် သံဃာတော်များအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဆွမ်းဆန်တော်များ လှူဒါန်းပေးခြင်းဖြင့် ဆရာတော် သံဃာတော်များအတွက် ထိုက်သင့်သည့် ဘောဇနသပ္ပါယမျှတနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ဆွမ်း၊ ကွမ်း ဘောဇဉ် မျှတပြီး အသက်ရှည်ကျန်းမာပျော်ရွှင်စွာဖြင့် ဗုဒ္ဓမြတ်စွာ၏ ဓမ္မနှစ်ဖြာ သာသနာတော်ကို ဆတက်ထမ်းပိုးသယ်ပိုးထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး အနှစ်ငါးထောင်စွာ တည်တံ့ထွန်းလင်းဝေစည်နိုင်ပါစေကြောင်း လျှောက်ထားသည်။

ထို့နောက် နေပြည်တော် ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့(သုဓမ္မာ) ဥက္ကဋ္ဌ ရတနာစံကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝိစိတ္တသာရ မထေရ်မြတ်ကြီးထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အဆိုပါ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ရာ ဘုန်းတော်ကြီးကျောင်း ၆၀၊ သီလရှင်ကျောင်းတစ်ကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၈၁၇ ပါး၊ သီလရှင် ၃၃ ပါး၊ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း အပါး ၈၅၀ တို့အား ဆွမ်းဆန်တော် ၁၅၇ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်ဖြူမြို့၌ အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေး

ကျောက်ဖြူ ဧပြီ ၅

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစတင်ထိုးနှံခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ထိုးနှံပေးလျက်ရှိရာတွင် ကာကွယ်ဆေးတစ်လုံးလျှင် လူ ၁၀ ဦးနှုန်းဖြင့် ထိုးနှံပေးသွားမည်ဖြစ်ပြီး ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းနှင့် ပုံမှန်အခြေအနေရှိသူများသာ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကာ ဆေးထိုးပြီးသူများအား မိနစ် ၃၀ ကြာ စောင့်ကြည့်ခဲ့ကြသည်။

ကျောက်ဖြူမြို့၌ ဧပြီ ၅ ရက် နံနက်ပိုင်းတွင် အလယ်ပိုင်းရပ်ကွက်၊ သန့်ပန်ချောင်းရပ်ကွက်၊ မြစ်နားတန်းရပ်ကွက်တို့မှ အဘိုးအဘွား ၃၀၇ ဦးတို့အားလည်းကောင်း၊ ညနေပိုင်းတွင် အရှေ့ပိုင်းရပ်ကွက် အနောက်ပိုင်းရပ်ကွက်တို့မှ ၂၄၈ ဦးတို့အားလည်းကောင်း၊ ဧပြီ ၆ ရက်တွင် အစိုးရရပ်ကွက်၊ ရခိုင်ပိုက်ဆိပ်ရပ်ကွက်၊ ကုလားဘာတောင်ရပ်ကွက်နှင့် တောင်ရင်းရပ်ကွက်တို့မှ ၆၅၉ ဦး၊ ဧပြီ ၇ ရက်တွင် အရာရှိရပ်ကွက်နှင့် စေတီတောင်ရပ်ကွက်တို့မှ ၆၆၀၊ ဧပြီ ၈ ရက်တွင် တိုးချဲ့ရပ်ကွက်၊ စေတီယျာရပ်ကွက်၊ ကညင်တောရပ်ကွက်၊ လေမွှေ့ရပ်ကွက်နှင့် ပြင်ဖြူမော်ရပ်ကွက်တို့မှ ၅၉၅ ဦးစသည့် မြို့ပေါ် ၁၆ ရပ်ကွက်မှ အသက် ၆၅ နှစ်နှင့်အထက် စုစုပေါင်း စာရင်းရှိ အဘိုးအဘွား ၂၄၆၉ ဦးတို့အား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာအမျိုးသားလေကြောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးသည် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဌာန၏ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ စည်းမျဉ်းချမှတ်ကြီးကြပ်သည့်လုပ်ငန်း၊ ဘေးကင်းမှုစောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်း၊ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဆောင်ရွက်မှု၊ ဌာန၏ ဖွဲ့စည်းပုံ၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်အမျိုးအစားများ၊ ထုတ်ပေးခဲ့ပြီးသော လေယာဉ်မောင်းလိုင်စင်အမျိုးအစားနှင့် အရေအတွက်၊ မြန်မာနိုင်ငံ ပြည်တွင်း/ပြည်ပ လေကြောင်းလိုင်းများ၊ နိုင်ငံ၏ လေဆိပ်/ လေယာဉ်ကွင်း အခြေအနေများ၊ လေကြောင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ဝန်ထမ်းသက်သာချောင်ချိရေးဆောင်ရွက်ပေးမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာအမျိုးသားလေကြောင်းမှ အမှုဆောင်အရာရှိချုပ်က မြန်မာအမျိုးသားလေကြောင်း၏ ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ စီမံခန့်ခွဲရေးအဖွဲ့၊ ဖွဲ့စည်းမှု၊ ဌာန၏ရည်မှန်းချက်၊ ဌာနအလိုက်လုပ်ငန်းတာဝန်များ၊ မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ပြည်တွင်း/ ပြည်ပ ပျံသန်းပြေးဆွဲမှု အခြေအနေ၊ ATR လေယာဉ်အကြီးစားအလုပ်ရုံစီမံကိန်းလုပ်ငန်းနှင့် လက်ရှိလုပ်ငန်း ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အရာထမ်း၊ အမှုထမ်းများအား စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

မှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သည့် မြို့ပြလေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ဌာန၏ရည်မှန်းချက်များဖြစ်သော ဘေးအန္တရာယ် ကင်းဝေးစေရေး၊ လုံခြုံမှုရှိရေး၊ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး၊ စဉ်ဆက်မပြတ် တိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲကာလ မဲစာရင်းကွာဟမှုများ များပြားလွန်းမှုများကြောင့် နိုင်ငံတော်၏ ဒီမိုကရေစီ ခရီးစဉ်လမ်းတွင် ဖြစ်ပေါ်လာမည့် အခက်အခဲများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ထုတ်ပြန်ပြီး နိုင်ငံတော်ကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အရေးပေါ်ကာလတွင် ပထမအေးချမ်းစွာဆန္ဒပြနေရာမှ မသမာသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူဆန္ဒပြမှုများမှ အကြမ်းဖက်မှုများ ဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများ၊ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများ၊ နိုင်ငံခြားသားပိုင် စက်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကို ပျက်စီးအောင် ဝန်ထမ်းများကို သွေးထိုးလှုံ့ဆော်၍ CDM လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ CDM လှုပ်ရှားမှု၊ ဆူပူဆန္ဒပြမှုများ၊ အဖျက်လုပ်ငန်းများတွင် အချို့ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပြီး နိုင်ငံ့ဝန်ထမ်းကောင်းများပီသစွာဖြင့် ပါတီနိုင်ငံရေးကင်းရှင်းအောင်နေထိုင်၍ လုပ်ငန်းတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်မရ၍ ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများသည် ဌာနအတွက် တန်ဖိုးကြီးမားသော လူ့စွမ်းအားအရင်းမြစ်များဖြစ်သောကြောင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်စေရေး စည်းရုံးဆွဲဆောင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် မိမိဌာန၏ လုပ်ငန်းများရပ်တန့်မှုမဖြစ်စေရေး၊ လုပ်ငန်းများတိုးတက်အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအောက်ရှိ လေကြောင်းထိန်းမျှော်စင်၊ မြန်မာအမျိုးသားလေကြောင်းဌာနအောက်ရှိ ATR လေယာဉ်အကြီးစားပြင်ဆင်ရေးအလုပ်ရုံနှင့် လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာနများသို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ပါရဂူဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့ကြိုသင်တန်း လျှောက်လွှာများ ၁၂-၄-၂၀၂၁ ရက်နေ့အထိ လျှောက်ထားနိုင်

နေပြည်တော် မေ ၅

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သော ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ပါရဂူဘွဲ့ကြို (Ph.D Prelim) သင်တန်းတက်ရောက်ရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ပုံစံဖြင့် ၆-၄-၂၀၂၁ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းစာများတွင် ကြော်ငြာခေါ်ယူထားပြီးဖြစ်သော်လည်း အဆိုပါ နောက်ဆုံးလျှောက်ထားရမည့် ၆-၄-၂၀၂၁ ရက်အစား ရက်တိုးမြှင့်၍ ၁၂-၄-၂၀၂၁ ရက်(တနင်္လာနေ့)အထိ လျှောက်ထားနိုင်ကြောင်း ပညာရေးဝန်ကြီးဌာနက ထပ်မံကြေညာထားကြောင်း သိရှိရသည်။ သတင်းစဉ်

## ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၅

၁၃၈၂ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။



အမှာစကားပြောကြား

အစည်းအဝေးတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဧပြီ ၂ ရက်တွင် ကျင်းပခဲ့သည့် အစည်းအဝေး၌ လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ကြောင်း။

၁၃၈၂ ခုနှစ် မဟာသင်္ကြန်ပွဲတော်အား ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်၍ မြို့နယ်၊ ရပ်ကွက်များအတွင်း ရေကစားမဏ္ဍပ်ငယ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဟာသင်္ကြန်ပွဲတော်တွင် နှစ်ဆန်း ၁ ရက်နေ့သည် အဓိကဖြစ်ရာ ယခင်နှစ်များနည်းတူ မြို့တော်ခန်းမတွင် အန္တရာယ်ကင်းပရိတ်တရားတော် နာယူခြင်း၊ ဆွမ်းဆက်ကပ်ခြင်းကို ကျင်းပသွားမည်ဖြစ်ပြီး ပရိတ်ရေသွန်းလောင်းခြင်းကို ကမ္ဘာအေးရှိ ရေကူးရေတွန်းစက်ရုံတွင် ကျင်းပသွားမည်ဖြစ်သဖြင့် လိုအပ်သည့် ဆောင်ရွက်ရန် ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ လုပ်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

သတင်းစဉ်

■

❐ ရွှေဖုံးမှ

တာယာအဟောင်းများ၊ သာကေတမြို့နယ် ၄/ မြောက်ရပ်ကွက်၊ ရှုခင်းသာမြို့ပတ်လမ်း (မြို့မ (၁၄) လမ်းနှင့် (၁၆) လမ်းထိပ်)၊ (၉) ရပ်ကွက် ရတနာပုံလမ်းထိပ်၊ ၇/ အရှေ့ရပ်ကွက် ရတနာပုံလမ်းထိပ်နှင့် အောင်သပြေလမ်းထိပ်၊ ၇/ အနောက်ရပ်ကွက် မြေနီ (၁)လမ်းထိပ်၊ မြင်တော်သာလမ်း (မာန်ပြေ (၅) လမ်းထိပ်) ရှိ သဲအိတ်များ၊ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းနှင့် ဇောတိကလမ်းထိပ်ရှိ သဲအိတ်များ၊ လှိုင်မြို့နယ် (၁)ရပ်ကွက်၊ (၆)ရပ်ကွက်၊ (၈)ရပ်ကွက်တို့ရှိ အတွင်းလမ်းများ၊ သံလမ်း၊ မယ်ဇီကုန်းလမ်းရှိ သဲအိတ်များ၊ ဝါးကပ်များ၊ တံခါးဟောင်းများအား ယန္တရားများ၊ မြေသယ်ယာဉ်များဖြင့် ဖယ်ရှားရှင်းလင်းခဲ့ရာ ပြည်သူများ လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သစ်တောသစ်ပင် တို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

# ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပဥ္စမနေ့ ဆက်လက်ကျင်းပ



နေပြည်တော် ဧပြီ ၅

၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပဥ္စမနေ့ကို ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး ကျောက်မျက်အတွဲ ၁၉၉ တွဲအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲ ၅၂ တွဲ ရောင်းချခဲ့ရသည်။

## လှည့်လည်ကြည့်ရှု

ယနေ့ရောင်းချပွဲသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် ပြပွဲဗဟိုကော်မတီဝင်များ လာရောက်၍ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ရောင်းချပွဲ ပဥ္စမနေ့တွင် နံနက် ၈ နာရီမှစ၍ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ၌ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၁)မှ အတွဲအမှတ် ၄၅၀ အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဧပြီ ၆ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဧပြီ ၆ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၄၅၁ မှ အတွဲအမှတ် ၉၀၀ အထိတင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဧပြီ ၇ ရက် နံနက် ၈ နာရီတွင် လည်းကောင်း၊ ဧပြီ ၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၉၀၁ မှ အတွဲအမှတ် ၁၃၅၀ အထိ တင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဧပြီ ၈ ရက် နံနက် ၈ နာရီတွင်လည်းကောင်း၊ ဧပြီ ၈ ရက်တွင် ကျောက်စိမ်းအတွဲ ၁၃၅၁ မှ အတွဲအမှတ် ၁၈၀၀ အထိ တင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဧပြီ ၉ ရက် နံနက် ၈ နာရီတွင် လည်းကောင်း၊ ဧပြီ ၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁၈၀၁ မှ အတွဲအမှတ် ၂၁၄၈ အထိ တင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဧပြီ ၁၀ ရက် နံနက် ၈ နာရီတွင် လည်းကောင်း ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဧပြီ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (Social Management Information System – SMIS) တည်ဆောက်ရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် သတင်းအချက်အလက်နည်းပညာကို အသုံးပြုပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် ဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ နည်းပညာအသုံးပြု၍ စီမံခန့်ခွဲခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာ၌ ပိုမိုမြန်ဆန်တိကျခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ကုန်ကျစရိတ် သက်သာခြင်း အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း၊ နည်းပညာကို ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် လူသားအရင်းအမြစ်အား လေ့ကျင့်သင်ကြားပေးခြင်းလုပ်ငန်းမှာ အရေးကြီးပါကြောင်းနှင့် မူလရေးဆွဲထားသော အစီအစဉ်များအတိုင်း အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်များ တည်ဆောက်အသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံတကာ ဥပမာများနှင့် နမူနာယူ ဆောင်ရွက်သင့်သည်များကို ဖြည့်စွက်ပြောကြားသည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးတို့က စနစ်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ထားမှုအခြေအနေများ၊ SMS စနစ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် စတင်အသုံးပြုနိုင်ရေး ရည်မှန်းကြိုးပမ်းလျက်ရှိသည့် အခြေအနေများနှင့် စနစ်တည်ဆောက်ပြီးစီးပါက လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များကို အကောင်အထည်ဖော်ရာနှင့် ကလေးသူငယ်နှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဖြစ်ရပ်များကို စီမံခန့်ခွဲရာ၌ ပိုမိုမြန်ဆန်တိကျစွာ ဆောင်ရွက်လာနိုင်မည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခြားတက်ရောက်လာသည့် ဌာနတွင်း တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# UWSA (ဝ)တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆေးဘက်ဆိုင်ရာသင်တန်းနှင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြား



နေပြည်တော် ဧပြီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်ဟုန်ကျေးရွာရှိ ဝမ်ဟုန်ဆေးရုံ၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းမှ ဆေးတပ်ဖွဲ့ဝင်များဖြင့် UWSA (ဝ) တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆေးပညာရပ်ဆိုင်ရာများ သင်ကြားပေးရန်အတွက် ဆေးဘက်ဆိုင်ရာ သင်တန်းအမှတ်စဉ်(၂/၂၀၂၁)နှင့် ဆေးဘက်ဆိုင်ရာမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၁)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါနေရာ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ UWSA(ဝ) အဖွဲ့မှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး UWSA(ဝ)အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ဆေးဘက်ဆိုင်ရာသင်တန်းနှင့် ဆေးဘက်ဆိုင်ရာမွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချရာတွင် အသုံးပြုသည့် သင်ထောက်ကူပစ္စည်းများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် UWSA(ဝ)အဖွဲ့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါဆေးဘက်ဆိုင်ရာသင်တန်းအမှတ်စဉ်(၂/၂၀၂၁)သင်တန်းကို ဒေသခံတိုင်းရင်းသားပြည်သူ သင်တန်းသားသင်တန်းသူ ၄၆ ဦးဖြင့်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၁)ကို ဒေသခံတိုင်းရင်းသားပြည်သူ သင်တန်းသား သင်တန်းသူ ၂၄ ဦးတို့ဖြင့် လည်းကောင်း မေ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူတွေရဲ့ ကျန်းမာရေး ကွက်လပ်ဖြည့်ပေးပါ

မောင်ဝင်းမိုးမိုးဟန် (ပန်းလှိုင်)

"လုံးစုံများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး ငြိမ်းအေးကြပါစေ"၊ "ခုနစ်ရက်သားသမီးအားလုံး ကျန်းမာချမ်းသာ ရှိကြပါစေ"ဟု အမေမိုးရဲ့ ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဆိုဝတ်ပြုအပြီး မေတ္တာပို့ဆုတောင်းသံသည် ကျွန်တော်တို့အိမ်လေးထဲ ပျံ့လွင့်နေသည်။ အမေမိုးက သတ္တဝါအားလုံးကို ကျန်းမာချမ်းသာ ဘေးရန်ကွာစေချင်ပေမယ့် သူကိုယ်တိုင်တော့ မကျန်းမာပေ။ သူကိုယ်တိုင် မကျန်းမာတာမို့ ကျန်းမာခြင်းလာဘ်ကို ပိုသိပြီးတော့ တစ်ပါးသူတွေကို ကျန်းမာစေချင်၊ ဘေးရန်ကွာစေချင်ခြင်း ဖြစ်လိမ့်မည်။

**ကျန်းမာချမ်းသာစွာနဲ့ အသက်ရာကျော်နေစေလို**

ပုံမှန် ကျောက်ကပ်ဆေးနေရတဲ့ အမေမိုးကိုလည်း ကျန်းမာချမ်းသာစွာနဲ့ အသက်ရာကျော်နေစေလိုသည်မှာ သားတစ်ယောက်ရဲ့ ဆန္ဒ။ "ခုချိန် ဆေးရုံ ဆေးခန်းသွားရတာ ဒုက္ခတွေ များပါတယ်သားရယ်၊ အမေ့အတွက် ဒုက္ခမရှာနဲ့" လို့ ပြောလာတော့ "ဘယ်ဟုတ်မလဲ အမေမိုးရယ်၊ ကျန်းမာအောင်ပြုရမှာပေါ့" လို့ အမေအားရှိအောင် ဆိုလိုက်ရသော်လည်း ရင်မောနေရတာကတော့ အမှန်။ အမေ့ကျန်းမာရေးအတွက် ပူပန်သလို ကျန်းမာရေးအတွက် ငွေကြေးလိုအပ်မှုရှိမှာလည်း ပူနေရသည်သာ။

အမေမိုးရဲ့ ကျန်းမာရေးအတွက် အရင်ကလို ဆေးရုံမှာ ဆေးကုသခံဖို့ကမလွယ်။ ကျောက်ကပ်ဆေးရတဲ့ လူမမာမိသားစုဟာ ဆေးရုံနဲ့ အိမ်ကို အိမ်ဦးနဲ့ ကြမ်းပြင်လို သဘောထားနေရတာ ဖြစ်ပါတယ်။ ဆေးရုံနဲ့ အိမ်ဟာ အိမ်ဦးနဲ့ ကြမ်းပြင်လို နီးချင်လည်း နီးပါစေ၊ မိုးနဲ့ မြေလို ကွာဝေးချင်လည်း ကွာဝေးပါစေ ကျန်းမာရေးဆိုတော့ ဆေးရုံကို ရောက်အောင်သွားပြရမှာက လူမမာ၊ လူနာနဲ့ သူ့မိသားစု တာဝန်ပေမို့ပါ။

သို့ပေငြားလည်း ဆေးရုံရောက်ပေမယ့် ဆရာဝန်မရှိတဲ့အခါ လူနာတွေမှာ ကျန်းမာရေးအတွက် ပူပန်စိုးရိမ်ရပါတယ်။ အခုချိန်မှာတော့ CDM လှုံ့ဆော်စည်းရုံးမှုတွေကြောင့် ဆရာဝန်တွေ၊ သူနာပြုတွေလည်း ဆေးရုံမှာ အင်အားပြည့်မရှိ။ အခုလိုမျိုး ဆရာဝန်တွေဟာ တာဝန်ကျရာ ဆေးရုံ၊ ဆေးခန်းတွေကို စွန့်ခွာပြီး ပြည်သူတွေရဲ့ ကျန်းမာရေးကို လျစ်လျူမရှုစေလိုပါ။

ပြည်သူ့ဆေးရုံဆိုတာက ကားနဲ့လာတဲ့ လူနာ၊ ဆိုင်ကယ်နဲ့လာတဲ့ လူနာ၊ ဆိုက်ကားနဲ့ လာတဲ့လူနာ ဘယ်လိုလူနာမျိုးမဆို အားလုံးအတွက် ဆေးကုသမှုစရိတ် အသက်သာဆုံးနေရာ။ ပြည်သူ့ဆေးရုံတွေက ကျွန်တော်တို့လို အခြေခံလူတန်းစားမိသားစုတွေရဲ့ ကျန်းမာရေးအတွက် အားကိုးရာပါ။

ဒီလိုမျိုး ပြည်သူ့ဆေးရုံတွေမှာ ဆရာဝန်တွေမရှိတဲ့အခါ ပြည်သူ့ဆေးရုံတွေကို ကျော်လွန်ပြီး ပုဂ္ဂလိကဆေးရုံဆီ ဆေးကုသမှုအတွက် သွားရပါတယ်။ ပုဂ္ဂလိက ဆေးရုံဆိုတာ ဆေးကုသမှုအတွက် ဝန်ဆောင်ခယူပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးတာဖြစ်တဲ့အတွက် ကုန်ကျစရိတ်ဆိုတာ ရှိပါတယ်။ ကျောက်ကပ်ဆေးရတဲ့ လူနာမိသားစုမှာ လူနာကို ပြုစုစောင့်ရှောက်ရတဲ့ တာဝန်၊ ကုန်ကျစရိတ်တာဝန်တွေကို ရပ်ထဲရွာထဲ ကြားဖူးနားဝ ရှိကြတာမို့ အကျယ်ချဲ့ပြီး မပြောလိုပေမယ့် ကျွန်တော်တို့လို အခြေခံလူတန်းစားမိသားစုအတွက် ကုန်ကျစရိတ်က ထောင်းလှပါတယ်။



မော်လမြိုင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

**ဆရာဝန်တွေ၊ သူနာပြုတွေဆိုတာလည်း လူသားတွေမို့ ခံစားချက်၊ ယုံကြည်ချက်တွေ ရှိနေမှာကို နားလည်နိုင်ပါတယ်။ ဒါပေမယ့် ဆရာဝန်တွေ၊ သူနာပြုတွေ နေ့စဉ်နဲ့အမျှ ထိတွေ့နေရတဲ့ လူနာတွေရဲ့ ဝေဒနာဒုက္ခကိုလည်း ဆရာဝန်တွေနဲ့ သူနာပြုတွေကသာ အသိဆုံးဖြစ်နေပါတယ်။ ဒီကာလမှာ CDM ပါဝင်သွားလို့ ဆေးရုံမှာ ဆရာဝန်မရှိတဲ့အတွက် ဒုက္ခရောက်နိုင်တဲ့ လူနာတွေ အများကြီးပါ။**

**ဆေးကုသမှုခံယူဖို့ ခက်ခဲနေတဲ့ ပြည်သူတွေ**

ပုဂ္ဂလိက ဆေးရုံတွေထက် ကုန်ကျမှုသက်သာတဲ့ ပြည်သူ့ဆေးရုံတွေမှာတောင် ဆေးကုသမှု ခံယူဖို့ ခက်ခဲနေတဲ့ ပြည်သူတွေလည်း ရှိနေပါတယ်။ ဆေးရုံအတူတက်တဲ့သူချင်းသာမက ဆရာဝန်နဲ့ သူနာပြုတွေပါမကျန် တတ်အားသမျှ ငွေကြေး ထောက်ပံ့ကူညီမှု၊ ဝိုင်းဝန်းကူညီစောင့်ရှောက်မှုနဲ့ ဆေးကုသမှု ခံယူရတဲ့သူတွေ ရှိနေဆဲပါ။ ဒီလို ပြည်သူတွေကြားက ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အခက်အခဲတွေကို လူနာတွေနဲ့ နီးစွာရှုဝ ထိတွေ့နေတဲ့ဆရာဝန်တွေ၊ သူနာပြုတွေက အသိဆုံးပါ။ ဒါကြောင့် ကျန်းမာရေးနဲ့ ပတ်သက်ရင် ပြည်သူတစ်ယောက်အနေနဲ့ အကောင်းတကာ့အကောင်းဆုံးကိုပဲ မျှော်လင့်တောင့်တမိပါတယ်။

တကယ်တော့အစိုးရနဲ့ လူနာဟာ အလှမ်းဝေးလှပါတယ်။ ဒါကို ခွဲခြား မြင်ပေးစေလိုပါတယ်။ ပြည်သူ့ဆေးရုံတွေ ပိတ်လိုက်လို့ အစိုးရတစ်ရပ် ဒုက္ခရောက်မသွားပါ။ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဆေးရုံနဲ့ ဆရာဝန် ကင်းကွာနေတဲ့အတွက် ဒုက္ခရောက်မှာ အခြေခံလူတန်းစား ပြည်သူတွေပဲ ဖြစ်ပါတယ်။ ကျန်းမာခြင်းဟာ လာဘ်တစ်ပါးလို့ ဆိုကြတာမို့ ပြည်သူတွေရဲ့ ကျန်းမာရေးကို နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်တွေအနေနဲ့ ပြည်သူတွေ လာဘ်တစ်ပါး ပိုင်ဆိုင်နိုင်အောင် ဖြည့်ဆည်းပေးစေလိုပါတယ်။

**ဆေးရုံနဲ့ ဆရာဝန်တွေ ခွဲခြားမနေစေလို**

မကျန်းမာတဲ့ မိသားစုဝင် တစ်ယောက်ရှိတဲ့ ပြည်သူတစ်ယောက်ရဲ့ အမြင်ကိုလည်း မျှဝေလိုပါတယ်။ လူနာမိသားစုဟာ လူနာကို ဆရာဝန်တွေရဲ့ ညွှန်ကြားချက်အတိုင်း ပြုစုစောင့်ရှောက်နိုင်ပေမယ့် ဆရာဝန်တွေလိုတော့ ကုသမှုမပေးနိုင်ပါဘူး။ ကျန်းမာရေးအတွက် လိုအပ်မှုရှိတဲ့အခါ ဆေးရုံဆီ ရောက်အောင်ပဲ လာနိုင်တာပါ၊ ရောဂါ ပျောက်ကင်းအောင်၊ သက်သာအောင် ကုသနိုင်သူမှာ ဆရာဝန်တွေသာဖြစ်တာမို့ ဆေးရုံနဲ့ ဆရာဝန်တွေ ခွဲခြားမနေစေလိုပါ။

ဆရာဝန်တွေ၊ သူနာပြုတွေဆိုတာလည်း လူသားတွေမို့ ခံစားချက်၊ ယုံကြည်ချက်တွေ ရှိနေမှာကို နားလည်နိုင်ပါတယ်။ ဒါပေမယ့် ဆရာဝန်တွေ၊ သူနာပြုတွေ နေ့စဉ်နဲ့အမျှ ထိတွေ့နေရတဲ့ လူနာတွေရဲ့ ဝေဒနာဒုက္ခကိုလည်း ဆရာဝန်တွေနဲ့ သူနာပြုတွေကသာ အသိဆုံးဖြစ်နေပါတယ်။ ဒီကာလမှာ CDM ပါဝင်သွားလို့ ဆေးရုံမှာ ဆရာဝန်မရှိတဲ့အတွက် ဒုက္ခရောက်နိုင်တဲ့ လူနာတွေ အများကြီးပါ။

**လူသားတို့၏ ဘဝနှင့်အသက်**

"ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစား၍ ကာကွယ်စောင့်ရှောက်ပါအံ့" လို့ ချိတ်ဆွဲထားတဲ့ စာသားကို ဆေးရုံ ဆေးခန်းတွေမှာ မြင်တွေ့ဖူးပါတယ်။ ဆေးပညာနဲ့ သူတစ်ပါးအသက်ကို ကယ်တင်တယ်ဆိုတာဟာ မွန်မြတ်တဲ့အလုပ် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လူ့အသိုင်းအဝိုင်းထဲမှာဆိုရင် မိဘတွေက ကလေးတွေကို ဆရာဝန်ပဲ ဖြစ်စေချင်တဲ့ အလေ့အထတစ်ခုတောင် ရှိပါတယ်။

လစာနည်းပေမယ့် ပြည်သူတွေရဲ့ ကျန်းမာရေးကို ဂရုတစိုက် ကုသမှုပေးတဲ့ ပြည်သူ့ဆေးရုံတွေက ဆရာဝန်၊ သူနာပြုတွေအားလုံးကို ပြည်သူတွေက လေးစားမှုရှိပြီးသား ဖြစ်ပါတယ်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုမှာ ရှေ့တန်းကနေ စွမ်းစွမ်းတမံ ကာကွယ်ကုသမှုတွေ ပေးခဲ့တဲ့ ဆရာဝန်တွေ၊ သူနာပြုတွေကို ဆက်လက်ပြီးတော့လည်း ပြည်သူ့ကျန်းမာရေးအတွက် ဝတ္တရားမပျက် ရှိစေလိုပါတယ်။

ပြီးတော့ ဆရာဝန်တွေဟာ "ကျွန်ုပ်တို့သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂိလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာ မေတ္တာရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး စွမ်းစွမ်းတမံ စောင့်ရှောက်ကုသပွားအံ့" လို့ သစ္စာဆို၍ ဆရာဝန်ဘွဲ့ ခံယူရတာကိုလည်း ကြားသိဖူးပါတယ်။ ဒါကြောင့် ကျွန်တော့်အမေလို ဆေးရုံနဲ့အိမ် ကူးလူးပြီး ဆေးကုသမှု ခံယူနေရတဲ့ အခြေခံပြည်သူတွေရဲ့ ကျန်းမာရေးကို ကွက်လပ်မဖြစ်စေလိုပါ။

**ဆေးရုံမှာ ဆရာဝန်တွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုခံယူဖို့ မျှော်နေရင်း ဝေဒနာတွေနဲ့ အားငယ်နေတဲ့ လူနာတွေ မရှိစေလိုပါ။ ဒါကြောင့် CDM ကြောင့် ဆေးရုံနဲ့ ကင်းကွာ၊ လူနာတွေနဲ့ ကင်းကွာနေတဲ့ ဆရာဝန်၊ သူနာပြု ဆရာ၊ ဆရာမ အားလုံးအနေနဲ့ ပြည်သူ့ကျန်းမာရေး အလေးပေးပြီးတော့ သမားဂုဏ်ရည်ပြပေးကြဖို့ ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုပါရစေ။** ။

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် ဧပြီ ၅

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၊ မြောင်းမြမြို့၊ ပန်းတနော်မြို့၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



○ ကျောဖုံးမှ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အခမဲ့ထိုးနှံပေးခြင်းဖြစ်သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လတ်တလောတွင် စာရင်းပေးပို့ထားသော မြန်မာနိုင်ငံအခြေစိုက် သံရုံး ၁၉ ရုံးမှ သံရုံးဝန်ထမ်းများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအား ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်လျက်ရှိပြီး ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးပါက ဒုတိယအကြိမ် ကာကွယ်ဆေးဆက်လက်ထိုးနှံနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ Completion Certificate of COVID-19 Vaccination (ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးခြင်းမှတ်တမ်း)များကိုလည်း စနစ်တကျ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။





## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၁၄၂၃၆၃၆ | ၂၃၉၄၆၉၇၀ | ၅၆၈၈၃၀ |
| ၂။ | ဘရာဇီး | ၁၂၉၈၄၉၅၆ | ၁၁၃၅၇၅၂၁ | ၃၃၁၅၃၀ |
| ၃။ | အိန္ဒိယ | ၁၂၆၀၇၁၆၈ | ၁၁၆၈၆၉၆၉ | ၁၅၆၂၁၅ |
| ၄။ | ပြင်သစ် | ၄၈၂၂၄၇၀ | ၂၉၉၆၂၄ | ၉၆၆၇၈ |
| ၅။ | ရုရှား | ၄၅၈၉၅၄၀ | ၄၂၁၁၃၃ | ၁၀၀၇၁၇ |
| ၆။ | ဗြိတိန် | ၄၃၅၉၃၈၈ | ၃၉၀၁၆၄၂ | ၁၂၆၈၃၆ |
| ၇။ | အီတလီ | ၃၆၆၈၂၆၄ | ၂၉၈၈၁၉၉ | ၁၁၁၀၃၀ |
| ၈။ | တူရကီ | ၃၄၈၇၀၅၀ | ၃၁၀၅၃၅၀ | ၃၂၂၆၃ |
| ၉။ | စပိန် | ၃၃၀၀၉၆၅ | ၃၀၅၄၇၂၅ | ၇၅၆၉၈ |
| ၁၀။ | ဂျာမနီ | ၂၈၉၇၀၆၁ | ၂၅၈၁၅၀၀ | ၇၇၅၆၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၅၃၇၉၆၇ | ၁၃၈၁၆၇၇ | ၄၁၈၁၅ |
| ၂။ | ဖိလစ်ပိုင် | ၈၀၃၃၉၈ | ၆၄၆၂၃၇ | ၁၃၄၃၅ |
| ၃။ | မလေးရှား | ၃၅၂၀၂၉ | ၃၃၆၄၅၆ | ၁၂၉၅ |
| ၄။ | မြန်မာ | ၁၄၂၅၃၀ | ၁၃၁၈၁၉ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၄၉၅ | ၆၀၂၀၂ | ၃၀ |
| ၆။ | ထိုင်း | ၂၉၃၂၁ | ၂၇၈၄၀ | ၉၅ |
| ၇။ | ကမ္ဘောဒီးယား | ၂၇၅၂ | ၁၇၄၇ | ၂၁ |
| ၈။ | ဗီယက်နမ် | ၂၆၃၇ | ၂၄၁၆ | ၃၅ |
| ၉။ | ဘရူနိုင်း | ၂၁၄ | ၁၉၇ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၆ | ၀ |

# အမှန်တရားအချို့ဟာ ခါးနေနိုင်ပါတယ်

ကိုထွန်းခင်

"အမှန်တရား လက်ခံထားလိုက်၊ ဘဝမှာ တစ်ခါတစ်ခါ အမှန်တရားက ခါးနေတတ်တယ်။ အမှန်ကို လက်မခံနိုင်တဲ့သူတွေကြား၊ အမှားတွေနဲ့ အသားကျနေတဲ့သူတွေကြားမှာ အမှန်တရားက ခေါင်းထောင်ခွင့်မရဘဲ ဖြစ်တတ်တယ်။ အဓိကကတော့ ကိုယ့်လိပ်ပြာကိုယ်သန့်နေဖို့ပဲ။ ကိုယ့်သမိုင်းကိုယ်မှန်အောင် ရေးဖို့ပဲ။ အမှားတွေမှာ အားမကျဖို့နဲ့ ခါးနေတဲ့ အမှန်တရားကို သွန်မပစ်ဘဲ ခါးသက်သက်နဲ့ ဆက်သောက်နေဖို့ပဲ။ စိတ်ရှည်ရတယ်။ သည်းခံရတယ်၊ ခွဲရှိရတယ်။ သေချာတာကတော့ ဘာမှအကြာကြီးမဟုတ်ဘူး။ အချိန်တန်တော့လည်း ပြီးသွားတာပဲ" ဟု ဆရာတော်တစ်ပါး ရေးသားတဲ့ မှတ်စာစုကို ဘဝနေနည်းလမ်းညွှန်အဖြစ် ကြိုက်နှစ်သက်လို့ မှတ်မိနေပါတယ်။

### လောကရဲ့ နိယာမတရားတွေ

ဆရာတော်ဆိုသလိုပါပဲ။ လူ့ဘဝဆိုတာ ရေပွက်ပမာ ခဏတာလို့ ဆိုကြတဲ့အတိုင်း ဘယ်အရာကိုမှ အကြာကြီးတည်မြဲချင်လို့ မရပါဘူး။ ဖြစ်ခြင်း၊ ပျက်ခြင်းသဘော၊ လောကရဲ့ နိယာမတရားတွေကို နားလည်လက်ခံနိုင်ရမှာ ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစတင်ကာ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် နိုင်ငံရေးဇာတ်ခုံဟာ တကယ်ကိုပဲ အနိမ့်အမြင့်၊ အတက်အကျ စုံလင်လှပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၁၀ ပြည့်နှစ်မှာ ဒီမိုကရေစီလမ်းကြောင်းကို တစ်ဖန်ပြန်လည်ခြေချဖို့ လမ်းစဖော်ဆောင်နိုင်ခဲ့ပြီး ယခုဆိုရင် ဒီမိုကရေစီခရီးလမ်းကို ဆယ်စုနှစ်တစ်ခု ဖြတ်သန်းခဲ့ပြီး ဖြစ်ပါတယ်။ အရပ်သားအစိုးရစစ်စစ်ဖြစ်တဲ့ NLD အစိုးရ အုပ်ချုပ်တဲ့ အချိန်ကာလကိုလည်း ဖြတ်သန်းခဲ့ကြဖူးပြီး ဖြစ်ပါတယ်။ NLD အစိုးရကာလမှာ နိုင်ငံရဲ့ ဒီမိုကရေစီခရီးလမ်း တိုးတက်မှု၊ ဆုတ်ယုတ်မှုအနေအထား၊ နိုင်ငံရေးအဖွဲ့အစည်းတွေရဲ့ အကွဲအပြဲတွေ၊ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခတွေနဲ့ အတူ ပြည်သူတွေ မျှော်မှန်းသလောက် ခရီးမပေါက်ခဲ့တာကိုလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။

၂၀၂၀ ရွေးကောက်ပွဲမှာလည်း အငြင်းပွားမှုတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။ ထိုအခြေအနေက စတင်ပြီး နိုင်ငံရေးမှာ တင်းမာမှုတွေ ဖြစ်တည်လာခဲ့ပါတယ်။ တပ်မတော်က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို တရားမျှတမှုရှိစေဖို့ ဖြေရှင်းပေးဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တောင်းဆိုမှုတွေ၊ ကြေညာချက်တွေ၊ သတိပေးထုတ်ပြန်ချက်တွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့၊ တောင်းဆိုခဲ့ပေမယ့် ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဘူး။

### နိုင်ငံတော်ရဲ့ တာဝန်တွေ

တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်က နိုင်ငံတော်ရဲ့ တာဝန်တွေကို ပုဒ်မ ၄၁၇၊ ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါတယ်။

တကယ်တော့ NLD ပါတီရဲ့ နိုင်ငံတော်အာဏာကို အဓမ္မနည်းလမ်းသုံးပြီးရယူဖို့ကြိုးပမ်းလုပ်ဆောင်မှုတွေကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ ထိန်းသိမ်းလိုက်ခြင်း ဖြစ်ပါတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာတဲ့ ဒီမိုကရေစီဖြစ်စေရေးအတွက် ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ပြည်သူက ရွေးချယ်ထားတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွေဖည်မည်မဟုတ်ဘဲ မှန်မှန်ကန်ကန်သွားနိုင်ရန် ထိန်းကျောင်းပေးခြင်းသာဖြစ်ကြောင်း သတင်းထုတ်ပြန်ထားတာကိုလည်း တွေ့နိုင်ပါတယ်။ တပ်မတော်က နိုင်ငံတော်အာဏာ ထိန်းသိမ်းလိုက်ခြင်းကို အကြောင်းပြုပြီး တပ်မတော်နဲ့ ပြည်သူတို့အကြား စည်းလုံးမှု ပျက်ပြားရအောင်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်ကြပါတော့တယ်။

**အဲဒီလို သွေးထိုးလှုံ့ဆော်နေမှုမှာ ကမ္ဘာ့နိုင်ငံအချို့ပျက်စီး၊ ပြိုကွဲရတိုင်း နိုင်ငံတကာသတင်းတွေမှာ အမြဲတမ်းလက်သည်တရားခံအဖြစ် ပါဝင်တဲ့ CIA အပါအဝင် အနောက်နိုင်ငံအချို့ရဲ့ စပိုင်တွေနဲ့ မြန်မာနိုင်ငံစည်းလုံးညီညွတ်မှုကို မလိုလားတဲ့အဖွဲ့တွေက နိုင်ငံအတွင်းမှာ စိမ့်ဝင်ပြီး ခြေရှုပ်ခြေကုပ်နေရာဝင်ယူပါဝင်နေတာကို သတိရှိသူတွေ သတိပြုမိကြမှာဖြစ်ပေမယ့် နားမလည်ပါးမလည် ပြည်သူအချို့ကတော့ သူတို့ကိုယ်ပိုင်ရပ်တည်ချက်နဲ့ သူတို့ဆန့်ကျင်တာ၊ တစ်ဘဝတာ စစ်ကျွန်ဘဝခံစားရမှာမို့ တွန်းလှန်နေတာ၊ ဘယ်သူမှ မြှောက်ပေးလို့ လုပ်တာမဟုတ်ဘူးဆိုပြီး သူတို့ရဲ့ Own Tune လို့ ဇွတ်ပေခံ ငြင်းနေကြတုန်းပါ။ ပြည်ပအထောက်အပံ့ခံ မီဒီယာတွေနဲ့ သူတို့ကိုးကွယ်တဲ့ လူပုဂ္ဂိုလ်တွေက တစ်ဆင့် သူတို့ ရင်ထဲ ဒီလိုအစိုင်အခဲတွေ တဖြည်းဖြည်းချင်း သွတ်သွင်းခံထားရတာကို သူတို့မမြင်နိုင်ကြဘူး၊ မသိကြဘူး၊ ဝန်မခံနိုင်ကြဘူး။**

သွေးထိုးမှုတွေရဲ့ ရလဒ်ကတော့ ပြည်သူတွေ လမ်းပေါ်ထွက်လာပြီး ဆူပူအုံကြွကြပါတယ်။ လူငယ်တွေကို လူပုဂ္ဂိုလ်စွဲနဲ့ အရောင်အမျိုးမျိုးဆိုးကာ ဆူပူအုံကြွမှုတွေရဲ့ ရှေ့တန်းမှာ ဦးဆောင်စေပါတယ်။ လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ သွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ဖျက်ဆီးမယ့် စီမံကိန်းအရ ဆူပူဆန့်ကျင်ရမယ့် လှုပ်ရှားမှုမှာ ဂိမ်းကစားသလို ထင်မှတ်ကာ ပါဝင်ကြပါတယ်။

### အများဆန္ဒဟာ စစ်မှန်ရိုးသားဖို့လို

ဒီမိုကရေစီဆိုတာသည် အများဆန္ဒနဲ့ ဆောင်ရွက်ခြင်းဖြစ်ပေမယ့် အများဆန္ဒဟာ စစ်မှန်ရိုးသားဖို့ လိုပါတယ်။ ဒီမိုကရေစီကို အကြောင်းပြ အာဏာရှင်ဆန့်ကျင်ရေးလို့ ခေါင်းစဉ်တပ်ကာ နိုင်ငံတော်ရဲ့ လုပ်ငန်းယန္တရားရပ်တန့်စေဖို့ နိုင်ငံ့ဝန်ထမ်းတွေကို CDM လှုပ်ရှားမှုမှာ ပါဝင်စေဖို့ စည်းရုံးလှုံ့ဆော်ကြပါတယ်။ မသမာသူအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် နိုင်ငံ့ဝန်ထမ်းတွေဟာ လုပ်ငန်းခွင်မှာ တာဝန်ထမ်းဆောင်ဖို့ ပျက်ကွက်လာကြပါတယ်။

### ကျန်းမာရေးဝန်ထမ်းတွေ

"ကျွန်ုပ်တို့သည် ဆည်းပူးတတ်မြောက်ထားသည့် ဆေးပညာဖြင့် ဂိလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး စွမ်းစွမ်းတမံ စောင့်ရှောက်ကုသပါအံ့"ဟု ကတိသစ္စာပြုခဲ့ကြတဲ့ ဆရာဝန်အချို့သည်လည်း CDM လှုပ်ရှားမှုမှာ ပါဝင်ကြပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ CDM လှုပ်ရှားမှုမှာပါဝင်တဲ့အတွက် ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် အားကိုးအားထားပြုရာ ပြည်သူ့ဆေးရုံအချို့တွေမှာ ဆရာဝန်၊ သူနာပြုနဲ့ ကျန်းမာရေးဝန်ထမ်းတွေ မရှိကြတော့ဘဲ ပိတ်ထားခဲ့ရပါတယ်။ နာမကျန်းသူတွေ၊ ကိုယ်ဝန်ဆောင်သည်တွေ၊ ရက်ချိန်းအတိအကျနဲ့ ကျောက်ကပ်ဆေးနေရသူတွေ၊ ပုံမှန်သွေးသွင်းနေရတဲ့ လူနာတွေဟာ ကျန်းမာရေးစောင့်ရှောက်မှုတွေ မရကြဘဲ အတိဒုက္ခရောက်နေကြရပါတယ်။

တစ်ဖက်မှာလည်း တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို CDM မှာ မပါဝင်လို့၊ ရုံးတက်လို့၊ Social Punishment ဆိုပြီး (တကယ်က Social Bullying လုပ်နေတာ) သံပုံးမတီးလို့၊ ကျောင်းသွားလို့ စသည်ဖြင့် သတင်းပေး၊ ဒလန်၊ သူလျှိုစွပ်စွဲပြီး ရိုက်နှက်၊ တက်တူးထိုး၊ အုပ်စုနဲ့ ဖမ်းဆီးသတ်ဖြတ်၊ အိမ်မီးရှို့၊ အရှက်ခွဲစသဖြင့် လူမဆန်တဲ့ အနိုင်ကျင့်နေမှုတွေကို လုပ်ဆောင်နေကြပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ ခွင့်ပြုချက်နဲ့ လာရောက်ရင်းနှီးမြှုပ်နှံထားတဲ့ လိုင်သာယာနဲ့ ရွှေပြည်သာမြို့နယ်မှာရှိတဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ စက်ရုံ၊ အလုပ်ရုံတွေကို မီးရှို့ဖျက်ဆီး လုယက်ကြပါတယ်။ ဒါ့အပြင် ဆူပူအကြမ်းဖက်လိုသူတွေကို သွေးထိုးမြှောက်ပင့်ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို လူကိုသေစေနိုင်တဲ့ လက်နက်တွေနဲ့ တိုက်ခိုက်ရန်ပြုတာ၊ လူမိုက်လူရမ်းကားနဲ့ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို အခကြေးငွေပေးပြီး ဆူပူအကြမ်းဖက်မှုတွေကို အရှိန်မြင့်စေဖို့ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြတာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၂၂ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ၈ွယ်အေးရပ်ကွက်၊ မင်းနန္ဒာလမ်းနဲ့ သီတာ၈ွယ်လမ်းဆုံအနီးမှာရှိတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို ဆူပူအကြမ်းဖက်သူ အင်အား ၂၀၀ ခန့်က လာရောက်မီးရှို့ခဲ့တဲ့အတွက် ဆူပူအကြမ်းဖက်သူတွေကို လူစခွဲကာ မီးငြိမ်းသတ်ခဲ့ရပါတယ်။

စာမျက်နှာ ၉ သို့ ✢

သွေးထိုးမှိုင်းတိုက်မှုတွေကြောင့် ရှေ့တန်းကိုရောက်နေတဲ့ လူငယ်တွေဟာ အသက်အရွယ်၊ အတွေ့အကြုံအားဖြင့် ငယ်ရွယ်နုနယ်ပါသေးတယ်။ စိတ်ခံစားမှုကို မထိန်းနိုင်ဘဲ မိုက်ရူးရဲဆန်ပေမယ့် ကြောက်စရာကိုလည်း ကြောက်ကြမှာပဲ ဖြစ်ပါတယ်။ NLD ပါတီဝင်တွေ၊ NLD ပါတီကို ထောက်ခံသူအစွန်းရောက်တွေ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားတဲ့ ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတွေကြောင့် အချို့ကျောင်းသား ကျောင်းသူ၊ လူငယ်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေဟာ တိုင်းရင်းသားလက်နက်ကိုင်အချို့ တည်ရှိရာနေရာနဲ့ ပြည်ပနိုင်ငံတွေကို ထွက်ပြေးတိမ်းရှောင်နေကြတယ်လို့လည်း သိရ။

အဲဒီလို သွေးထိုးလှုံ့ဆော်နေမှုမှာ ကမ္ဘာ့နိုင်ငံအချို့ ပျက်စီး၊ ပြိုကွဲရတိုင်း နိုင်ငံတကာသတင်းတွေမှာ အမြဲတမ်းလက်သည်တရားခံအဖြစ်ပါဝင်တဲ့ CIA အပါအဝင် အနောက်နိုင်ငံအချို့ရဲ့ စပိုင်တွေနဲ့ မြန်မာနိုင်ငံစည်းလုံးညီညွတ်မှုကို မလိုလားတဲ့အဖွဲ့တွေက နိုင်ငံအတွင်းမှာ စိမ့်ဝင်ပြီး ခြေရှုပ်ခြေကုပ်နေရာဝင်ယူပါဝင်နေတာကို သတိရှိသူတွေ သတိပြုမိကြမှာဖြစ်ပေမယ့် နားမလည်ပါးမလည် ပြည်သူအချို့ကတော့ သူတို့ကိုယ်ပိုင်ရပ်တည်ချက်နဲ့ သူတို့ဆန့်ကျင်တာ၊ တစ်ဘဝတာ စစ်ကျွန်ဘဝခံစားရမှာမို့ တွန်းလှန်နေတာ၊ ဘယ်သူမှ မြှောက်ပေးလို့ လုပ်တာမဟုတ်ဘူးဆိုပြီး သူတို့ရဲ့ Own Tune လို့ ဇွတ်ပေခံငြင်းနေကြတုန်းပါ။ ပြည်ပအထောက်အပံ့ခံ မီဒီယာတွေနဲ့ သူတို့ကိုးကွယ်တဲ့ လူပုဂ္ဂိုလ်တွေကတစ်ဆင့် သူတို့ရင်ထဲ ဒီလိုအစိုင်အခဲတွေ တဖြည်းဖြည်းချင်း သွတ်သွင်းခံထားရတာကို သူတို့ မမြင်နိုင်ကြဘူး၊ မသိကြဘူး၊ ဝန်မခံနိုင်ကြဘူး။

# စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၁ ခုနှစ်၊ ဧပြီလ(၄) ရက်မှ (၁၁)ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည် -


(က) **လေ့ကျင့်ခန်းဧရိယာ(၁)**
- (၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်
- (၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(ခ) **လေ့ကျင့်ခန်းဧရိယာ(၂)**
- (၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်
- (၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

(ဂ) **လေ့ကျင့်ခန်းဧရိယာ(၃)**
- (၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်
- (၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်
- (၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်
- (၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်း (နှစ်ဖက်တပ်ပါ) လေ့ကျင့်ခန်း-ဆင်ဖြူရှင်(၁/၂၀၂၁) လေ့ကျင့်ခန်းဧရိယာပြပုံ




* ပြည်တွင်းရေကြောင်းမှ

ယင်းသို့ပြေးဆွဲရာတွင် ပြဒါးပျံ၊ ပင်လုံ၊ ပတိုင်း၊ ဝိတောက်၊ ပေါက်တန်းစသည်ဖြင့် ဝိကြီး/ ဝိလတ်အမျိုးအစား နှစ်ထပ်ခရီးသည်နှင့် ကုန်စည်တင်ဆောင်နိုင်သော သင်္ဘောများဖြင့် မန္တလေးမှ စတင်ထွက်ခွာပြီး လမ်းခရီးတွင် ကျောက်မြောင်း၊ တကောင်း၊ ထီးချိုင့်၊ ကသာ၊ ရွှေကူမြို့များတွင် ခရီးသည်နှင့် ကုန်စည်များ အတက်/ ဆင်းပြုလုပ်နိုင်ရန် ရပ်နားပေးပြီး ခရီးဆုံး ဗန်းမော်သို့ ပြေးဆွဲပေးခြင်းဖြစ်သည်။

မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ ပေါက်တန်းရေယာဉ်သည် ယနေ့နံနက် ၆ နာရီတွင် ခရီးသည် ၁၈ ဦးနှင့် ကုန် ၁၁၄ တန်ကို တင်ဆောင်၍ ထွက်ခွာသွားပြီး လာမည့် ဧပြီ ၈ ရက် (ကြာသပတေးနေ့)တွင် ထွက်ခွာမည့် ရေယာဉ်ဖြင့် လိုက်ပါစီးနင်းလိုသော ခရီးသည်များနှင့် ကုန်တင်ပို့လိုသူများအနေဖြင့် ဧရာဝတီဌာနခွဲရုံးဖုန်း (၀၂-၄၀၃၆၀၃၅) နှင့် ဆိပ်ကမ်းမှူး ဖုန်း ၀၉-၄၄၄၆၅၃၁၃၁ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုင်းတုံခရိုင်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားများဆောင်ရွက်

နေပြည်တော် ဧပြီ ၅

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများ လျာထားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် လမ်း၊ တံတားများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ရန်ပုံငွေကျပ် ၉၈၃ ဒသမ ၃၆၀ သန်းဖြင့် ကျိုင်းတုံမြို့နယ်မှ မိုင်းပန်လယ်အုပ်စု၊ မိုင်းပန်လယ်(အောက်)ရွာသွားလမ်း ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်း၊ ပန်မတ်အုပ်စု ပန်မတ်ရွာသွားလမ်း ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်း၊ ကတ်ထိုက်-လွယ်ပန်တောင်း-အင်ဂိုလုံ လမ်းကြောင်းပေါ်တွင် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်း၊ ယမ်းကြိမ်အုပ်စု၊ တာခွယ်-ကတ်တောင် လမ်းပေါ်ရှိ ပေ၂၀ ကွန်ကရစ်တံတားအနိမ့် အလျား ပေ၂၀၊ အမြင့် ၁၂ ပေ မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် မိုင်းခတ်မြို့နယ် မိုင်းခတ်-မိုင်းညွင်းသွားလမ်းပေါ်တွင် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်းတို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်နှင့် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၄၅ ရွာ၊ အိမ်ထောင်စု ၃၉၆၈စု မှ ဒေသခံပြည်သူများ ကျိုင်းတုံ/မိုင်းခတ်မြို့များသို့ အချိန်တိုအတွင်း ရာသီမရွေးသွားလာနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာ၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

✣ စာမျက်နှာ ၈ မှ

နွေဦးတော်လှန်ရေးဆိုပြီး ဆူပူဆန္ဒပြမှုတွေက အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ကင်းမဲ့စေတဲ့ အကြမ်းဖက်မှုလုပ်ရပ်တွေအထိ လုပ်ဆောင်လာကြပါတယ်။ လူငယ်တွေကို မြှောက်ပေးပြီး လက်လွှန်ခြေလွန်ဖြစ်မှု၊ ထိခိုက်ဒဏ်ရာရမှု အစိုးရက၊ တပ်မတော်က၊ ရဲတပ်ဖွဲ့က ငြိမ်းချမ်းစွာ ဆန္ဒပြနေသူတွေကို တရားမဲ့ပြုကျင့်နေပါတယ်၊ သတ်ဖြတ်နေပါတယ်လို့ ဇာတ်လမ်းဆင်ပြီး နိုင်ငံတကာကို လုပ်ကြံဇာတ်လမ်းတွေ ချပြပါတယ်။ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ငွေတွေရဖို့ လူငယ်တွေနဲ့ ပြည်သူတွေရဲ့ ဘဝတွေကိုချနင်းပြီး အသက်တွေ၊ ဘဝတွေဟာ အချိန်မတိုင်ခင်မှာပင် ကြွေလွင့်နေရပါတယ်။ ဒါကိုလည်း အသိဉာဏ်မဲ့သူတွေ၊ အပေါင်းအပါတွေက လိုက်ပါစီးမျောနေကြတုန်းဖို့ အံ့ဩမိပါတယ်။

အတွေ့အကြုံအားဖြင့် ငယ်ရွယ်နုနယ်

သွေးထိုးမှုံတိုက်မှုတွေကြောင့် ရှေ့တန်းကို ရောက်နေတဲ့ လူငယ်တွေဟာ အသက်အရွယ်၊ အတွေ့အကြုံအားဖြင့် ငယ်ရွယ်နုနယ်ပါသေးတယ်။ စိတ်ခံစားမှုကို မထိန်းနိုင်ဘဲ မိုက်ရူးရဲဆန်ပေမယ့် ကြောက်စရာကိုလည်း ကြောက်ကြမှာပဲ ဖြစ်ပါတယ်။ NLD ပါတီဝင်တွေ၊ NLD ပါတီကို ထောက်ခံသူ အစွန်းရောက်တွေ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားတဲ့ ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှု၊ မြှောက်လှန့်မှုတွေကြောင့် အချို့ကျောင်းသား ကျောင်းသူ၊ လူငယ်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေဟာ တိုင်းရင်းသားလက်နက်ကိုင်အချို့ တည်ရှိရာနေရာနဲ့ ပြည်ပနိုင်ငံတွေကို ထွက်ပြေးတိမ်းရှောင်နေကြတယ်လို့လည်း သိရပါတယ်။

ရောက်ရှိနေတဲ့နေရာတွေက လုံခြုံရေးအာမခံချက်မရှိတာ၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲတာတွေကိုလည်း ရင်ဆိုင်နေကြရပါမယ်။ ဒါကြောင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူတွေမှအပ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့နေရပ်ကို ပြန်လည်ဝင်ရောက်လိုသူတွေကိုလည်း ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေးကို ဆောင်ရွက်သွားမယ်လို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ထားတာ တွေ့ရပါတယ်။

ဒါကြောင့် ကာလတစ်ခုမှာ ကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးပုံဖော်နိုင်ဖို့ အမှန်တရားအချို့ဟာ အခုအချိန်မှာ ဆေးခါးတစ်လက် ဖြစ်ကောင်းဖြစ်နေနိုင်ပါတယ်။ ဒါပေမယ့် ရောဂါပျောက်အောင် မကြိုက်ပေမယ့် သောက်ကြရမှာပဲ ဖြစ်ပါတယ်။ လူငယ်တွေ၊ ဂျန်နရေးရှင်းဇက်တွေအနေနဲ့လည်း လက်ကမ်းကြိုနေစဉ်မှာ လုံခြုံနွေးထွေးတဲ့ မိဘရင်ခွင် ပြန်လည်ခိုဝင်ကြပါ။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးရရှိရေးတွေမှာ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ကြပါ။ ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရေးမှာ ပါဝင်ကြပါလို့ တိုက်တွန်းလိုပါတယ်။

နောင်မှတမိတဲ့ နောင်တတရားတွေ၊ ဖျက်မရတဲ့ အမည်းစက်တွေ ဘဝတစ်လျှောက် စွန်းထင်သွားတာမျိုး၊ နောက်ပြန်လှည့်လို့မရတဲ့ ဆိုးရွားတဲ့ အဖြစ်ဆိုးတွေ ကြုံဆုံတာမျိုး မဖြစ်ပါစေနဲ့လို့လည်း ဆုတောင်းပေးလိုက်ပါတယ်။ ။

□

# တိုင်းပြည်အတွက် အသက်ပေးသွားသည့် အညတရရဲဘော် သို့မဟုတ် အောင်ဆန်းသူရိယလှသောင်း

ကြည်သော်ဇင်

(ယမန်နေ့မှအဆက်)

တပ်မတော်မှာ နှစ်နှစ်မျှသာ တာဝန်ထမ်းဆောင်ခဲ့ရပေမယ့် ရဲဘော်လှသောင်းက တိုင်းပြည်လွတ်လပ်ရေးရပြီးစ ကွန်မြူနစ်တို့ အင်အားစုပေါင်းပြီး ရောင်စုံသူပုန်အဖြစ် အစိုးရကိုပုန်ကန်ချိန်၊ တပ်မတော်သားတွေနဲ့ အစိုးရကို ပုတ်ခတ်တိုက်ခိုက်တဲ့ စကားရပ်တွေနဲ့ ထိုးနှက်ခံရတဲ့အခါ စိတ်ဓာတ်ကျမည်ဝေးစွ၊ အိမ်ကြက်ချင်းတိုက်ချင်တဲ့ကောင်တွေဟု စိတ်နာကြည်းကာ သူသေကိုယ်သေ ရဲရဲရင့်ရင့်တိုက်တော့တာပါပဲ။ “ငါ့တိုင်းပြည်၊ ငါ့လူမျိုး၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဆင်သင့်ဖြစ်ပါ၏”ဟူသော သစ္စာပြုချက်အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဒီမိုကရေစီထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး စသည့် ရည်မှန်းချက်တွေပါ ဖြည့်စွက်ခံယူလိုက်တဲ့အခါ အဘယ်မှာ ပြောဖွယ်ရှိတော့မည်နည်း။ ဒါကြောင့်ပင် ပြည်ထောင်စုကြီး ယနေ့အထိ ဥမကွဲသိုက်မပျက်ရှိနေခြင်းပင်ဖြစ်ကြောင်း ဤစာအုပ်ငယ်လေးကပင် သက်သေခံနေပေပြီ။

စာအုပ်ဖတ်ရှု၍ ကုန်သွားသော်လည်း “တပ်မတော်လှသောင်းကွ … ဒက်..ဒက်.. ဒက်..”ဟူသော အသံသည် မိမိနားဝယ်စွဲ၍ ကျန်ရစ်နေပါတယ်။ ထို့အတူ ရှမ်းစုတိုက်ပွဲမှ ဆုတ်ခွာလာခဲ့သည့် သနက(၃)တပ်သားများအဖို့လည်း စွဲထင်၍ကျန်ပါလိမ့်မယ်။ လူတန်းစားတိုက်ပွဲတွင် လူတန်းစားလွတ်မြောက်ရေး ယုံကြည်ချက်ပြည့်ဝသူများသာ စွန့်စားဝံ့သည်မဟုတ်ပါ။ လူမျိုးကို စော်ကားခံရလျှင်၊ တိုင်းပြည်ကိုစော်ကားခံရလျှင်၊ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်တပ်မတော်ကို စော်ကားခံရလျှင် အသက်စွန့်၍ကာကွယ်တိုက်ခိုက်ကြသည်သာဖြစ်တာကို အောင်ဆန်းသူရိယလှသောင်း၏ အတ္ထုပ္ပတ္တိစာအုပ်ငယ် ပြတ်ပြတ်သားသား တွေ့မြင်နိုင်ပါတယ်။

ဝက်ကော်တိုက်ပွဲအတွင်း တပ်ရင်းမှူးပြောခဲ့သည့် စကားရပ်များအနက်မှ ဤရန်သူအင်အားနဲ့ အင်းစိန်သွားပေါင်းမိရင် ရန်ကုန်မြို့နဲ့ အစိုးရအဖို့မလွယ်တော့၊ သမိုင်းတစ်ဆစ်ချိုး ပြောင်းသွားပေလိမ့်မယ်။ “ဗိုလ်မြင့်ဆွေ ဆရာတွေခေါ်ဗျာ.. ကျုပ်တို့သစ္စာဆိုကြမယ်.. ဒို့မပြေးဘူး ပြေးရင်ပစ်သတ်တမ်း..ပစ်သတ်တမ်း(သံပြိုင်).. စိန်တယ်နော်.. စိန်တယ်(သံပြိုင်)..” စာပိုဒ်တွင် တပ်မတော်သားများ၏ တိုက်ပွဲဝင်ဘဝကို မြင်တွေ့ရသည်။

“မပြန်ပါနဲ့သားရယ်၊ ခွင့်ယူပေါ့ကွယ်။ မင်းတို့ဗိုလ်ကြီးကို အမေ လိုက်ပြောမယ်လေ”လို့ အမေဖြစ်သူကပြောနေတဲ့မြင်ကွင်း၊ ထာဝရပြန်မလာနိုင်တော့မယ့်သားကို ကျောက်နီလက်စွပ်လေး ကိုယ်တိုင်ဆင်မြန်းပေးလိုက်တဲ့မိခင်၊ အောင်ဆန်းသူရိယတံဆိပ်ကြီးကို ရင်ဘတ်မှာတပ်ရင်း ကျွန်တော့်သားကြီးလို့ ဂုဏ်ယူရင်း ကျန်ရစ်ခဲ့ရရှာတဲ့ဖခင်တို့ဟာ စာချစ်သူတွေစိတ်နှလုံးကို ဖမ်းစားနိုင်မှာဖြစ်ပါတယ်။

အောင်ဇေယျအမည်ရှိတဲ့ တင့်ကားကြီး ဝှိုင့်ဝမ်းဝမ်းတူးတောင်ကုန်းတိုက်ပွဲမှာ မှေ့နှောက်ပြီး ကိုယ့်တပ်သားတွေ ပြန်ထိခိုက်ကြကုန်တဲ့စစ်ပွဲအတွေ့အကြုံတွေ၊ စနိုက်ပါပစ်ခတ်မှု ဖောက်..အွန့်၊ ပုံးသီးပစ်ခတ်မှု ဗြုံး..အုန်း၊ ကာယ်ရီယာပစ်ခတ်ရန် အမိန့်ပေးသံနှင့် တစ်လက်စတည်း ဖား ယား..ဒုန်း..ဒုန်း၊ ဒုတ်..ဒုတ်ဟူသည့် မော်တာပစ်ခတ်မှုဆုံးသည်နှင့် ဗြိုးဗြိုးမြည်ကာ တအုံးအုံးဖြင့်ကျည်ဆန်များကျရောက်မှု၊ အင့်..ဖောက်..ထိုင်းဟူသော အနီးမှ ရဲဘော်၏နောက်ဆုံးညည်းညူလိုက်သည့်အသံနှင့် ဖောက်ဟူသည့်သေနတ်မှန်သံ.. ထိုင်း.. ဟူသည့်သေနတ်သံတို့ စသည်တို့သည် စာချစ်သူများအဖို့ စစ်ပွဲများအတွင်း လက်ငင်းရောက်ရှိနေရသလိုပင် ခံစားရမည်ဖြစ်ပါသည်။


ပြည်သူများက မေတ္တာဖြင့်ကျွေးမွေးပေးပို့သည့် ထမင်းထုပ်များအနက်မှ “ကျွန်မတို့ စားမယ့်ထဲက ရဲဘော်တို့အတွက် ခွဲဝေကျွေးလိုက်ရပါတယ်”ဟု စာတိုလေးနှင့် ဆေးလိပ်ခုံသမကလေးများ၏ မေတ္တာတရား၊ ရှေ့တန်းဝယ် ပင်ပန်းလွန်းရှာသဖြင့် ရေငတ်သောကြောင့် ရေသောက်မည်ကြံသည့် ရဲဘော်တစ်ဦး စနိုက်ပါကျည်ဆန်က ရေအစား လည်ချောင်းတွင်းဝင်ရရှာပြီး ရေဘူးကလေးမှ ရေများ ပန်းထွက်လာသည့်မြင်ကွင်း၊ မိမိစစ်သည်များ နာရီပေါင်းများစွာ အကျအဆုံးများနှင့် ပင်ပန်းဆင်းရဲကြီးစွာ ခံစစ်ပြင်နေကြရသည်ကို မနေမနားအားပေးရှာသည့် တပ်ရင်းမှူး၏ သောကတို့မှာ စာဖတ်သူများအဖို့ ဗီတ်ကားထက်တွင် မြင်တွေ့ရသည့်ပမာပင်။


“ဆရာ တပ်ရင်းမှူးတို့ဆီကို မြန်မြန်ပြေးပြောပါ..ကျွန်တော်ခံချမယ်..” အလင်းရောင်ပျပျဝယ် ရှမ်းစုရွာဘက်ဆီမှ.. “ဒက်.. ဒက်.. ဒက်..”ဟူသော ဘရင်းဂန်းကြီး၏အသံကို ကြားနေရဆဲ။

“ဒါ..လှသောင်းဘရင်းဂန်းသံပဲ” “ဒီကောင်ကြီးအခုထိရှိနေတုန်းကိုး၊ ပြန်တိုက်ကြမယ်ကွာ..” ရဲဘော်တစ်ယောက်၏ မချိတင်ကဲပြောဆိုသံ၊ တပ်ရင်းမှူး၏ အေးဆေးတည်ငြိမ်သောအမိန့်နှင့် ရှမ်းစုမြေကို မသက်သာမျက်နှာလွှဲကြပုံများ။ “ဒက်ဒက်ဒက်..ဒက်ဒက်ဒက်.. ဒက်ဒက်ဒက်” ရဲဘော်လှသောင်း၏ ဘရင်းဂန်းသံကြီးသည် ရဲဘော်တို့နှင့်ဝေး၍ ရှမ်းစုစစ်မြေတွင် ထီးတည်းကြီးကျန်ခဲ့ရပုံတို့သည် ပြည်သူတစ်ဦးအနေဖြင့် ကိုယ့်မောင်ဖားတစ်ဦး၏ နောက်ဆုံးမြင်ကွင်းကို အနီးကပ်မြင်တွေ့နေရသည့် ခံစားချက်များ ဖြစ်ပေါ်လာစေပါတယ်။

တပ်ကြပ်မောင်ထူးရေးသားတဲ့ အောင်ဆန်းသူရိယလှသောင်းဆိုတဲ့ အတ္ထုပ္ပတ္တိစာအုပ်ကလေးကနေ မိမိဘာတွေရလိုက်သလဲလို့ ပြန်လည်သုံးသပ်မိတဲ့အခါ တပ်မတော်သားတွေဟာ တိုင်းပြည်အတွက် ပေးဆပ်ရဲသူတွေပါလား၊ ခေတ်အဆက်ဆက် တို့တစ်တွေ အေးအေးချမ်းချမ်း နေထိုင်ခွင့်ရဖို့၊ ပညာသင်ခွင့်ရဖို့၊ နိုင်ငံရေးစကားဝိုင်းတွေ ဆွေးနွေးခွင့်ရဖို့၊ ကုန်ကုန်ပြောရရင် မိမိတို့တိုင်းပြည်ကြီးစည်ပင်သာယာဝပြောဖို့ တပ်မတော်သားတွေ သွေးနဲ့ချွေးနဲ့ တည်ဆောက်ပေးခဲ့ကြရတာပါလားဆိုတာကို ပန်းချီဆရာတစ်ဦးက လိုင်းမျဉ်းအထူအပါး အစိတ်အကျဲမျိုးစုံနဲ့ တို့ကာခြစ်ကာ ရေးဆွဲပုံဖော်ထားတဲ့ မြန်မာ့နိုင်ငံရေးပန်းချီကားတစ်စိတ်တစ်ပိုင်းကို နှလုံးသားနှင့် ကြည့်ရှုခွင့်ရခြင်းဟူ၍ ညွှန်းဆိုလိုပါတယ်။

စာချစ်သူများကို မေတ္တာရပ်ခံလိုသည်မှာ ဤစာအုပ်ကို ဖတ်ရှုကြည့်ပါ၊ ပြီးလျှင် ရန်ကုန်-မန္တလေး မိုင်တိုင် ၈၀/၃ ရောက်တိုင်း နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့ပြီဖြစ်တဲ့ ရဲဘော် အောင်ဆန်းသူရိယလှသောင်းနဲ့ကျဆုံးရဲဘော်တွေကို သတိတရ မေတ္တာပို့ပေးပါ။ ရဲဘော်လှသောင်းအပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အသက်ကိုနှင်း၍ ပေးဆပ်ကြလေတဲ့ တပ်မတော်သားအာဇာနည်များအတွက် လေးစားဂုဏ်ယူလိုက်ပါဟူ၍သာ။ ။




**စာချစ်သူများကို မေတ္တာရပ်ခံလိုသည်မှာ ဤစာအုပ်ကိုဖတ်ရှုကြည့်ပါ၊ ပြီးလျှင် ရန်ကုန်-မန္တလေး မိုင်တိုင် ၈၀／၃ ရောက်တိုင်း နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့ပြီဖြစ်တဲ့ ရဲဘော်အောင်ဆန်းသူရိယလှသောင်းနဲ့ ကျဆုံးရဲဘော်တွေကို သတိတရမေတ္တာပို့ပေးပါ။ ရဲဘော်လှသောင်းအပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အသက်ကိုနှင်း၍ ပေးဆပ်ကြလေတဲ့ တပ်မတော်သားအာဇာနည်များအတွက် လေးစားဂုဏ်ယူလိုက်ပါ။**

**တပ်ကြပ်မောင်ထူးရေးသားတဲ့ အောင်ဆန်းသူရိယလှသောင်းဆိုတဲ့ အတ္ထုပ္ပတ္တိစာအုပ်ကလေးကနေ မိမိဘာတွေရလိုက်သလဲလို့ ပြန်လည်သုံးသပ်မိတဲ့အခါ တပ်မတော်သားတွေဟာ တိုင်းပြည်အတွက် ပေးဆပ်ရဲသူတွေပါလား၊ ခေတ်အဆက်ဆက် တို့တစ်တွေ အေးအေးချမ်းချမ်း နေထိုင်ခွင့်ရဖို့၊ ပညာသင်ခွင့်ရဖို့၊ နိုင်ငံရေးစကားဝိုင်းတွေ ဆွေးနွေးခွင့်ရဖို့၊ ကုန်ကုန်ပြောရရင် မိမိတို့တိုင်းပြည်ကြီးစည်ပင်သာယာဝပြောဖို့ တပ်မတော်သားတွေ သွေးနဲ့ချွေးနဲ့ တည်ဆောက်ပေးခဲ့ကြရတာပါလားဆိုတာကို ပန်းချီဆရာတစ်ဦးက လိုင်းမျဉ်းအထူအပါး အစိတ်အကျဲမျိုးစုံနဲ့ တို့ကာခြစ်ကာရေးဆွဲပုံဖော်ထားတဲ့ မြန်မာ့နိုင်ငံရေးပန်းချီကားတစ်စိတ်တစ်ပိုင်းကို နှလုံးသားနှင့်ကြည့်ရှုခွင့်ရခြင်းဟူ၍ ညွှန်းဆိုလိုပါတယ်။**

# မိုဘိုင်းဖုန်းထုတ်လုပ်ရေးလုပ်ငန်းကို ရပ်ဆိုင်းမည်ဟု တောင်ကိုရီးယား နည်းပညာကုမ္ပဏီ အယ်လ်ဂျီအီလက်ထရွန်နစ် ပြောကြား

ဆိုးလ် မေ ၅

နှစ်ပေါင်းအတန်ကြာ လုပ်ငန်းစွမ်းဆောင်ရည်များ ကျဆင်းခဲ့ပြီးနောက် မိုဘိုင်းဖုန်းထုတ်လုပ်ရေး လုပ်ငန်းကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း တောင်ကိုရီးယား နည်းပညာကုမ္ပဏီဖြစ်သော အယ်လ်ဂျီအီလက်ထရွန်နစ်က ယနေ့ ပြောကြားခဲ့သည်။

ပြိုင်ဘက်ကုမ္ပဏီများနှင့် လုပ်ငန်းယှဉ်ပြိုင်ဆောင်ရွက်ရာတွင် တုံ့ပြန်ဆောင်ရွက်မှုများ အားနည်းမှုကြောင့် မိမိတို့ ကုမ္ပဏီဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် ကုမ္ပဏီ၏ မိုဘိုင်းဖုန်းထုတ်လုပ်ရေးလုပ်ငန်းကို ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်း အယ်လ်ဂျီ အီလက်ထရွန်နစ်က ပြောကြားသည်။ ကုမ္ပဏီ၏ မိုဘိုင်းဖုန်းထုတ်လုပ်ရေးလုပ်ငန်းကို ဇူလိုင်လကုန်တွင် အပြီးသတ်ရပ်ဆိုင်းသွားမည်ဖြစ်သည်။

သို့သော်ကုမ္ပဏီအနေဖြင့် လက်ရှိထုတ်လုပ်ထားသော မိုဘိုင်းဖုန်းများအတွက် ဝန်ဆောင်မှုများနှင့် ဆော့ဖ်ဝဲလ်အဆင့်မြှင့်တင်ခြင်းများကို အချိန်အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ကုမ္ပဏီအနေဖြင့် ၂၀၁၅ ခုနှစ် ဒုတိယ သုံးလပတ်ကာလမှစတင်ပြီး ငွေကြေးဆိုင်ရာအကျပ်အတည်းများ ဖြစ်လာခဲ့ကြောင်း သိရသည်။ အယ်လ်ဂျီအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ မြှင့်တင်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ




# တရုတ်နိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဂျော်ဒန်နိုင်ငံသို့ ပထမအသုတ် ရောက်ရှိ




အမ်မန် မေ ၅

ဂျော်ဒန်နိုင်ငံသည် တရုတ်နိုင်ငံမှ ဝယ်ယူထားသည့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်သည် မေ ၄ ရက်တွင် ဂျော်ဒန်နိုင်ငံ၏ မြို့တော် အမ်မန်သို့ ရောက်ရှိခဲ့ခြင်းကြောင့် ဂျော်ဒန်နိုင်ငံက နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အစုလိုက်အပြုံလိုက်ထိုးနှံမှုကို တိုးမြှင့်လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ထောက်ပံ့မှုများရှိခဲ့ကြောင်းနှင့် ယင်းထောက်ပံ့မှုသည် တရုတ်-ဂျော်ဒန် နှစ်နိုင်ငံ မဟာဗျူဟာမြောက်ဆက်ဆံရေးတန်ဖိုးကို ထင်ဟပ်စေခဲ့ကြောင်း ဂျော်ဒန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ချွန်တန်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအစိုးရသည် ဂျော်ဒန်နိုင်ငံအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထောက်ပံ့ပေးမည့် ကတိကဝတ်ကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ဘေးကင်းလုံခြုံမှုနှင့် အာနိသင်ထိရောက်မှုရှိကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို ဆောလျင်စွာ ကျော်လွှားနိုင်ရေးအတွက် ဂျော်ဒန်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျော်ဒန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ချွန်တန်က ပြောကြားခဲ့သည်။

ဂျော်ဒန်နိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၃ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ခုခံနိုင်စွမ်းနည်းသူများနှင့် ကာကွယ်ဆေးထိုးနှံမှုကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျော်ဒန်နိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၂၉၀၇ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၂၀၁ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# ထိုင်းအကျဉ်းထောင်နှင့် ညဖျော်ဖြေရေးနေရာများ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်မှုဖြစ်ပွား

ဗန်ကောက် မေ ၅

ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ၎င်းတို့အနက်အများစုမှာ နိုင်ငံ၏ တောင်ဘက် နာရာသီဝပ်ပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုနှင့် အခြားပြည်နယ် အများအပြားရှိ ညဖျော်ဖြေရေးနေရာများ၌ ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေစီမံခန့်ခွဲရေးဗဟိုဌာနက ယနေ့ ပြောကြားသည်။

ယနေ့တွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၄ ဦးအနက် ၁၈၂ ဦးသည် ပြည်တွင်း၌ ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ပြီး ကျန် ၁၂ ဦးသည် နိုင်ငံခြားတွင် ရောဂါကူးစက်ခံခဲ့ရပြီးနောက် ထိုင်းနိုင်ငံသို့ ပြန်လာသူများဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲရေးဗဟိုဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး အာပီဆာမိုင်းစရီရန်ဆန်က ပြောကြားသည်။

ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၂ ဦးအနက် ၉၄ ဦးသည် နာရာသီဝပ်အကျဉ်းထောင်၌ ရောဂါကူးစက်ခံခဲ့ရပြီး ကျန် ၄၆ ဦးသည် မြို့တော်ဗန်ကောက်တွင် ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် မေ ၄ ရက်က နာရာသီဝပ်အကျဉ်းထောင်တွင် အမျိုးသားအကျဉ်းသား ၈၇ ဦး၊ အမျိုးသမီး အကျဉ်းသူတစ်ဦး၊ အကျဉ်းထောင် ကွပ်ကဲကြီးကြပ်သူ ၂၃ ဦးနှင့် သူနာပြုတစ်ဦးအပါအဝင် စုစုပေါင်း ၁၁၂ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသည်။

ထို့အပြင် ဗန်ကောက်ဒေသရှိသောင်လော်နှင့် အက်ကာပိုင်ဒေသများနှင့် အခြားပြည်နယ်များရှိ အရက်ဘီယာဆိုင်များ၊ ဖျော်ဖြေခန်းနှင့် နားနေခန်းများပါရှိသည့် စားသောက်ဆိုင်များအပါအဝင် ညပိုင်းဖျော်ဖြေရေးနေရာများ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၁ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

မြို့တော်ဗန်ကောက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၊ ပါသွမ်သာနီတွင် ၁၁ ဦး၊ ဖွန်သာဘူရီတွင် ရှစ်ဦးနှင့် နာခွန်ပါသွမ်တွင် ခုနစ်ဦးဖြင့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်မှုတွေ့ရှိခဲ့သည်။ သို့ဖြစ်ရာ ထိုင်းအာဏာပိုင်များသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ဖျော်ဖြေရေးနေရာများကို ယာယီပိတ်ထားရန် ဖိအားပေးလုပ်ဆောင်လာဖွယ်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

ထိုင်းနိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၉၃၂၂ ဦးရှိပြီး ၎င်းတို့အနက် ၉၅ ဦးသည် အဆိုပါရောဂါဖြင့် သေဆုံးခဲ့သည်။ သို့သော် ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၂၇၈၄၀ သည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြသဖြင့် လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတင်ခြင်းခံရသောလူနာ ၁၃၈၆ ဦး ကျန်ရှိကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျော်တီ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၀၇၅ ဦးရှိ

ဒါကာ မေ ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၀၇၅ ဦးရှိသဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆၄၄၄၃၉ ဦးအထိရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၂ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၉၃၁၈ ဦး ရှိလာကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း လူဦးရေ ၁၀၂၃၉ ဦးကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။ ယနေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၂၉၁၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၅၅၄၁၄ ဦးအထိ ရှိကြောင်း သိရသည်။



ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# အင်ဒိုနီးရှား၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၆၈ ဦးအထိ ရှိလာပြီး ၇၀ ခန့် ပျောက်ဆုံးနေ

ဂျကာတာ မေ ၅

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း အရှေ့နူဆာတင်ဂါရာပြည်နယ်၌ ဧပြီ ၄ ရက်က အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဆီရိုဂျာကြောင့် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၆၈ ဦးအထိ ရှိလာပြီး ၇၀ ခန့် ပျောက်ဆုံးနေကြောင်း အင်ဒိုနီးရှား အမျိုးသားသဘာဝဘေးလျော့ချရေးအေဂျင်စီက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယနေ့ပြောကြားသည်။

အဆိုပါ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများသည် နိုင်ငံအလယ်ပိုင်း အရှေ့နူဆာတင်ဂါရာပြည်နယ် ဖလော်ရက်စ်တီမူရ်ခရိုင်၌ ဧပြီ ၄ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူအများစုမှာ အရှေ့ဖလော်ရက်စ်၊ လမ်ဘာတာ၊ အင်ဒီနှင့် အာလော် စသည့်ခရိုင်များမှ ဖြစ်ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ ရာဒီတီယာဂျာတီက ပြောကြားသည်။

ထို့အပြင် အဆိုပါ သဘာဝဘေးကြောင့် ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒေသခံပြည်သူ ၂၆၀၀ ခန့် ထိခိုက်သွားကာ လူနေအိမ်၊ ကားလမ်းနှင့် တံတားအများအပြားပျက်စီးခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက သဘာဝဘေးကြောင့် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ၏ မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲမိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အခင်းဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းလုပ်ဆောင်ရန် ဝန်ကြီးဌာနများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အာဏာပိုင်များအား တိုက်တွန်းလိုက်သည်။



တစ်ချိန်တည်းမှာပင် အင်ဒိုနီးရှားမိုးလေဝသနှင့် ရာသီဥတုအေဂျင်စီက နိုင်ငံ၏ ဒေသအစိတ်အပိုင်းများတွင် မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်မှုနှင့် လှိုင်းကြီးမှုများကဲ့သို့သော လွန်ကဲသော ရာသီဥတုအခြေအနေများ ဆက်လက်ဖြစ်ပွားဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

အခင်းဖြစ်ပွားသည့် နေရာသို့ ဆက်သွယ်ရန် အလွန်ခက်ခဲသလို ကားလမ်းများတွင်လည်း ရွှံ့ဗွက်များ ဖုံးလွှမ်းနေသဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် အဟန့်အတား ဖြစ်စေခဲ့သည်။ အင်ဒိုနီးရှားမိုးလေဝသနှင့် ရာသီဥတုဆိုင်ရာအေဂျင်စီ အကြီးအကဲ ဒွိနိမာနာဒိုသည် ပျက်စီးဆုံးရှုံးမှုအခြေအနေများအား ကြည့်ရှုရန်အတွက် အခင်းဖြစ်ပွားသည့်နေရာသို့ ထွက်ခွာသွားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျော်တီ

# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းကျော် စံချိန်တင်တွေ့ရှိ

နယူးဒေလီ မေ ၅

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၃၅၅၈ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၅၈၉၀၆၇ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။



ထို့အပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် တစ်ရက်အတွင်း၄၇၈ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၆၅၁၀၁ ဦး ရှိလာကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

သို့သော် အိန္ဒိယရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာများအနက် ၁၁၆၈၂၁၃၆ ဦးသည် ဆေးဝါးကုသမှု ခံယူခဲ့ပြီးနောက် ဆေးရုံများမှ ပြန်ဆင်းလာခဲ့ကြပြီဖြစ်သဖြင့် လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသည့် လူနာ ၇၄၁၈၃၀ ကျန်ရှိသေးကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ပြည်တွင်းဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးဖြင့် ယခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းတွင် ပြည်သူ ၇၉ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် အိန္ဒိယဗဟိုအစိုးရက ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လာခြင်းနှင့်အတူ လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းတွင် ပြည်သူ ၂၄၉ သန်းကျော်တို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ် စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံး ထိခိုက်လျက်ရှိသည့် မြို့တော်နယူးဒေလီ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၀၀ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ယင်းတို့အနက် ၁၄ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ နယူးဒေလီမြို့၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၁၁၀၈၁ ဦး ရှိလာကြောင်း နယူးဒေလီဒေသန္တရ ကျန်းမာရေးဌာနက အတည်ပြုပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျော်တီ

# ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၃၅၅ ဦးရှိ

မနီလာ မေ ၅

ဖိလစ်ပိုင်နိုင်ငံ၌ ဧပြီ ၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၃၅၅ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈၀၃၃၉၈ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ ဧပြီ ၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀ ဦးကျော်ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၄၃၅ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် သိသိသာသာ မြင့်တက်လာခဲ့ခြင်းကြောင့် မြို့တော်မနီလာနှင့် အနီးဝန်းကျင်ရှိ ပြည်နယ်လေးခုတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များ တိုးမြှင့်ချမှတ်ခဲ့သည်။ မြို့တော်မနီလာသည် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုစတင်ခဲ့သည့်နေရာဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမြင့်တက်နေဆဲ ဖြစ်ကြောင်း သိရသည်။

လူဦးရေ သန်း ၁၁၀ ခန့်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်ကာ နိုင်ငံတစ်ဝန်းတွင် ပြည်သူ ၉ ဒသမ ၇ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံမှ လှူဒါန်းသည့် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ကို လက်ခံရရှိခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို မတ် ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဖိလစ်ပိုင်နိုင်ငံသားတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူနေစဉ်။

ဖိလစ်ပိုင်နိုင်ငံအစိုးရသည် ယခုနှစ်အတွင်း ပြည်သူသန်း ၇၀ အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် ရည်ရွယ်ကြောင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုကို ကျန်းမာရေးဝန်ထမ်းများနှင့် အသက်အရွယ်ကြီးရင့်သူများဖြင့် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရန် နီပေါအစိုးရ ဆုံးဖြတ်

ခတ္တမန္ဒူ ဧပြီ ၅

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် များပြားလာသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများကိုပြန်လည်ဆောင်ရွက်ရန် နီပေါအစိုးရက ဆုံးဖြတ်ခဲ့ကြောင်း နီပေါကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ Sinopharm ဆေးဝါးကုမ္ပဏီမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် မတ် ၂၉ ရက်တွင် နီပေါနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ယခုရောက်ရှိလာသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား ဧပြီ ၇ ရက်မှစတင်ကာ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောခွင့်ရ ဂျိတ်ဝေါ်ဂူတန်က သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးမည့်သူများထဲတွင် စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးဝန်ထမ်းများ၊ ရေဖြန့်ဖြူးရေးလုပ်ငန်းမှဝန်ထမ်းများ၊ ဟိုတယ်နှင့် စားသောက်ဆိုင်ဝန်ထမ်းများ၊ အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးဝန်ထမ်းများ၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှဝန်ထမ်းများ၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ ပထမအဆင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းတွင် ဆေးထိုးနှံခွင့်မရရှိခဲ့သည့်ကျန်းမာရေးဝန်ထမ်းများ၊ နီပေါနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကပ်ရောဂါကြောင့် သောင်တင်နေသော တရုတ်နိုင်ငံအစိုးရ၏ ပညာတော်သင် ဆုရကျောင်းသားများ၊ တရုတ်နိုင်ငံတွင် အဆင့်မြင့်ပညာရပ်များကို သွားရောက်သင်ကြားမည့် နီပေါနိုင်ငံသားကျောင်းသားများနှင့် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုပြုလုပ်သူများ ပါဝင်မည်ဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ခတ္တမန္ဒူမြို့ရှိ သတ်မှတ်ထားသောဆေးရုံများ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျိတ်ဝေါ်ဂူတန်က ပြောကြားသည်။ နီပေါနိုင်ငံ၌ ကာကွယ်ဆေးရရှိရန် ဆောင်ရွက်နေရချိန်တွင် တရုတ်နိုင်ငံမှ လှူဒါန်းသော ကာကွယ်ဆေးများရောက်ရှိလာခဲ့ကြောင်း သိရသည်။ နီပေါနိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း နိုင်ငံသား ၁ ဒသမ ၇ သန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီးဌာနကပြောကြားသည်။ ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

## COVAX အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအသုတ် အီရန်နိုင်ငံ လက်ခံရရှိ

တီဟီရန် ဧပြီ ၅

အီရန်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအစီအစဉ်ဖြစ်သည့် COVAX ထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအသုတ်ကို ယမန်နေ့က လက်ခံရရှိခဲ့ပြီး အီရန်နိုင်ငံ၏ မြို့တော် တီဟီရန်သို့ ရောက်ရှိလာခဲ့ကြောင်း အီရန်နိုင်ငံ၏ အစားအစာနှင့် ဆေးဝါးဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့က ဧပြီ ၅ ရက်တွင် ပြောကြားခဲ့သည်။

ဆွီဒင်-ဗြိတိသျှ AstraZeneca ဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၇၀၀၀၀၀ ကျော်အပါအဝင် COVAX အစီအစဉ်ထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအသုတ်သည် ယမန်နေ့ညပိုင်းက တီဟီရန်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံ၏ အစားအစာနှင့် ဆေးဝါးဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကီယာနော့ရှ် ဂျာဟန်ပေါ၏ပြောကြားချက်ကို ကိုးကား၍ တက်စနစ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

အီရန်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဦးဆောင်သည့် COVAX အစီအစဉ်ထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၆ ဒသမ ၈ သန်းအထိရရှိမည်ဖြစ်ကြောင်း အီရန်နိုင်ငံ၏ အစားအစာနှင့် ဆေးဝါးဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကီယာနော့ရှ်ဂျာဟန်ပေါက ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် လက်ရှိတွင် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၅၂၀၀၀၀ ရရှိထားပြီးဖြစ်ကြောင်းနှင့် လာမည့်လအတွင်း ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်နိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

အီရန်နိုင်ငံ သမ္မတ ဟက်ဆန်ရိုဟာနီသည် အီရန်နိုင်ငံ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိရေးအတွက် အမေရိကန်နိုင်ငံ၏ အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့သည့်အတွက်လည်း ပြစ်တင်ဝေဖန်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လျက်ရှိသည်။ လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ နှစ်သန်းနီးပါးအထိ ရှိလာပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၃၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



## အိန္ဒိယနိုင်ငံ မဟာရက်ရှ်ထရာပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားလာ၍ ညမထွက်ရအမိန့်ထုတ်ပြန်



မဟာရက်ရှ်ထရာ ဧပြီ ၅

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူတစ်သိန်းကျော်အထိ မြင့်တက်လာခဲ့ပြီး ယင်းကူးစက်ခံရသူများအနက် ထက်ဝက်ကျော်မှာ မဟာရက်ရှ်ထရာပြည်နယ်မှဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံ၏ အချမ်းသာဆုံးပြည်နယ်ဖြစ်သည့် မဟာရက်ရှ်ထရာပြည်နယ်၌ ညမထွက်ရအမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များကိုလည်း ဧပြီလကုန်အထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရသည်။

အဆိုပါနေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် သိသိသာသာမြင့်တက်လာခဲ့ခြင်းသည် ဖေဖော်ဝါရီလနောက်ပိုင်း အမြင့်ဆုံးအရေအတွက်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းအတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်းလည်း ဗဟိုအစိုးရက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံအစိုးရသည် အသက် ၄၅ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုကို ပြီးခဲ့သည့်သီတင်းပတ်အတွင်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌လည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လျက်ရှိကြောင်း သိရသည်။ ကိုးကား-အင်န်အီတီချိုကေ

ဘာသာပြန်-အလင်းသစ်

## တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၁ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဧပြီ ၅

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ပတ်တာကာလအတွင်း ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၁ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၃၃၀ ထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ယခုဗိုင်းရပ်စ်ကူးစက်ခံရသူများတွင် နိုင်ငံရပ်ခြားမှ ကူးစက်လာသူ ၁၉ ဦးနှင့် ပြည်တွင်းကူးစက်ခံရသူ ၂၂ ဦးရှိကြောင်း ကူးစက်ရောဂါထိန်းချုပ်ရေးဌာနမှ ပြောကြားသည်။ နိုင်ငံအတွင်း ဗြိတိန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၈၀၊ တောင်အာဖရိက ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၂ ဦးနှင့် ဘရာဇီးဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ရှစ်ဦးရှိကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံက ဗြိတိန်နိုင်ငံမှ လာသောလေယာဉ်ခရီးစဉ်များကို လွန်ခဲ့သောနှစ် ဒီဇင်ဘာ ၂၃ ရက်မှစ၍ ပိတ်ပင်ခဲ့သည်။

နိုင်ငံရပ်ခြားမှလာရောက်သော ခရီးသည်များသည် တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှု နှစ်ကြိမ် ခံယူရမည်ဖြစ်ပြီး နိုင်ငံအတွင်းသို့မရောက်ရှိမီ ၇၂ နာရီအတွင်းစစ်ဆေးထားသည့် ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးလက်မှတ်ကို ပြသရမည်ဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၅၇၅၂ ဦးရှိကြောင်း သိရသည်။ ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၃၂၀၀၆၈၆၅ | ဦး |
| သေဆုံးသူ | ၂၈၆၇၈၂၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၆၃၀၅၁၈၇ | ဦး |

## ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံထားရသူ Democracy Vision သတင်းဌာနမှ သတင်းထောက် ဇင်သော်နိုင်အား ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံထားရသူ ဒီမိုကရေစီဗင်းရှင်း သတင်းဌာနမှ သတင်းထောက် ဇင်သော်နိုင်အား ဧပြီ ၄ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး



အတွက် ရန်ကုန်မြို့အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဗိုလ်တထောင်မြို့နယ် အမှတ်(၈)ရပ်ကွက် မဟာဗန္ဓုလလမ်းအရှေ့ဘက်တွင် လူတစ်ဦးက နွေဦးမှတ်တိုင် သတင်းလွှာစက္ကူ တစ်ရွက်အား ဗိုလ်ကလေးဈေးကားမှတ်တိုင်တွင် ကပ်နေသည်ကို တွေ့ရှိရသဖြင့် ခေါ်ယူစစ်ဆေးရာ မြောက်ဥက္ကလာပမြို့နယ်နေ ဇင်သော်နိုင်(၃၆)နှစ် (ဘ)ဦးသိန်းဌေး Democracy Vision သတင်းဌာနမှ သတင်းထောက်ဆိုသူဖြစ်ပြီး ၎င်းမောင်းနှင်လာသောယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်နံပါတ်ပြား အမှန်ပေါ်၌ ယာဉ်နံပါတ်ပြားအတု တပ်ဆင်မောင်းနှင်အသုံးပြုပြီး ယာဉ်အတွင်းမှ နွေဦးမှတ်တိုင် သတင်းလွှာ စာရွက် ရှစ်ရွက်၊ ကော်ထုပ် လေးထုပ်၊ Democracy Vision သတင်းဌာနမှ ဇင်သော်နိုင်အမည်ပါ လည်ဆွဲ နှစ်ခု၊ သံချွန်သုံးချောင်းစိုက်ထားသည့် ဝိုက်ပျော့တစ်ချောင်း၊ တူ တစ်လက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ဇင်သော်နိုင်အား အမှုဖွင့်လှစ်စစ်ဆေးလျက်ရှိပြီး ၎င်းသည် ဆူပူဆန္ဒပြမှုများ၌ ပါဝင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ပုဇွန်တောင်မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ်ခံထားရသူဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

## လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်ဇီကုန်းလမ်း ရိုးမရေသန့်စက်ရုံ၌ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်ဇီကုန်းလမ်း ရိုးမ ရေသန့်စက်ရုံရှိ ပရိဘောဂပစ္စည်းများထည့်ထားသော ဂိုဒေါင်၌ ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် ဗိုင်ယာရှော့ဖြစ်ရာမှ တစ်ဆင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ နယ်မြေခံ တပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးသတ်ယာဉ် ရှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၁၁ နာရီ ၁၈ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ပစ္စည်းဂိုဒေါင်အဆောက်အအုံ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပျဉ်းမနားမြို့၌ မီးလောင်မှုဖြစ်ပွား

ပျဉ်းမနား ဧပြီ ၅

နေပြည်တော် ပျဉ်းမနားမြို့နယ် တောင်သာအုပ်စု မြို့ဦးရပ်ကွက် နယ်မြေ(၆) ရပ်ကွက်ပတ်လမ်း တာပေါင်ဘေးရှိ ဒေါ်အေးအေးမြင့်၏ နေအိမ်တွင် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က ထမင်းပေါင်းအိုးတည်ထားရာမှ အပူလွန်ကဲမှုကြောင့် မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထမင်းပေါင်းအိုးတည်ထားရာတွင် အပူလွန်ကဲ၍ အိမ်ထရံအား မီးကူးစက်လောင်ကျွမ်းရာမှတစ်ဆင့် အနီးပတ်ဝန်းကျင်ရှိ ဆယ်ပေပတ်လည် မြေစိုက်တဲ သုံးလုံးသို့ မီးကူးစက်လောင်ကျွမ်းရာ ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၄၀ ဖြင့် မီးငြိမ်းသတ်ယာဉ် သုံးစီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၀ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ဒေါ်အေးအေးမြင့်အား ပျဉ်းမနားမြို့နယ် မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးမိုး(ပြန်/ဆက်)

## တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် ဧပြီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၊ ရေဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ



မြို့နယ်နှင့် အင်္ဂပူမြို့နယ်များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ဧပြီ ၄ ရက်တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာအရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ခြောက်လက်နှင့် လက်လုပ်သေနတ် ၂၄ လက်တို့ကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြစ်ကြီးနားမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၃ ရက် ညနေ ၅ နာရီခွဲတွင် မြစ်ကြီးနားမြို့ ရာဒါကောင်း(အေ)ရပ်ကွက်တွင် စောဖုန်းအောင် မောင်းနှင်ပြီး ဘရန်ထွန်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆ နာရီခွဲတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ၎င်းတို့တည်းခိုနေထိုင်သည့် တည်းခိုခန်းမှ ဆိုင်ကယ်တစ်စီး ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စောဖုန်းအောင်နှင့် ဘရန်ထွန်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲမြန်ကြား

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဘဏ်များ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

နေပြည်တော် မေ ၅

ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ယာဉ်လိုင်းများ နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မေ ၅

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

### ဆက်ကပ်လှူဒါန်း

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်ဟုန်ကျေးရွာ ကောင်းဆန်းဘုန်းတော်ကြီးကျောင်း၊ ဝမ်ဟုန်ပြန့်ဘုန်းတော်ကြီးကျောင်းနှင့် မိုက်ညောင်ဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက် သရက်ပင်ကျောင်းတိုက်နှင့် မြောက်ဥက္ကလာပမြို့နယ် အုတ်ပုံဆိပ်ရပ်ကွက် သာသနာ့ပါလကျောင်းတိုက်တို့ရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ မင်္ဂလာကံကြီးကျောင်းတိုက်နှင့် ရခိုင်ပြည်နယ် အမ်းမြို့ ဒိုင်ကြီးဘုန်းတော်ကြီးကျောင်းတို့ရှိ သံဃာတော်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများကသွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

### ဆောင်ရွက်ပေးခဲ့

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်ဟုန်ကျေးရွာ ကောင်းဆန်းဘုန်းတော်ကြီးကျောင်း၊ ဝမ်ဟုန်ပြန့်ဘုန်းတော်ကြီးကျောင်းနှင့် မိုက်ညောင်ဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော်၊ သံဃာတော်များအား တပ်မတော်မှဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် မေ ၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များ ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရန်ကုန်မြို့တွင် ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ စည်ပင်သာယာဈေးများ၊ ကိုယ်ပိုင်ဈေးများ၊ Shopping Mall များ၊ ပလာဇာများ၊ အိမ်ဆိုင်များ၌ ဈေးရောင်းသူ၊ ဈေးဝယ်သူများဖြင့် ပြန်လည်စည်ကားလျက်ရှိရာ မေ ၅ ရက်က လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် Ocean Super Market တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ ဈေးရောင်း၊ ဈေးဝယ်လျက်ရှိကြောင်း တွေ့ရစဉ်။

သတင်းစဉ်

# အဖြူနဲ့အမည်း၊ အမှားနဲ့အမှန် သဲကွဲလာပြီဖြစ်လို့ နိုင်ငံ့ဝန်ထမ်းတွေ တဖြည်းဖြည်း အမြင်မှန်ရပြီး ရုံးတက်နေကြပြီ။ CDM လုပ်တဲ့သူတွေ ဘယ်လိုပဲတိုက်ခိုက်တိုက်ခိုက် ကျွန်မကတော့ အပြုံးမပျက် ရုံးတက်နေမှာပါ

**ဒေါ်နန်းချယ်ရီ(အမည်လွှဲ)**

လက်ရှိအချိန်တွင် ဆူပူဆန္ဒပြမှုများ နည်းပါးသွားသော်လည်း မြို့နယ်အချို့၌ နိုင်ငံ့ဝန်ထမ်းများအား နည်းမျိုးစုံဖြင့်ခြိမ်းခြောက်ကာ စိတ်အနှောင့်အယှက်ပေးလျက်ရှိနေသေးသောကြောင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုသော နိုင်ငံ့ဝန်ထမ်းတချို့၏ ရင်ဖွင့်သံများကို ဤသို့ ကြားသိရသည်။

**ဒေါ်နန်းချယ်ရီ(အမည်လွှဲ)**
**အငယ်တန်းစာရေး၊ စိုက်ပျိုးရေးဦးစီးဌာန**

ကျွန်မက အရေးအခင်းစဖြစ်တဲ့နေ့ကစပြီး ယနေ့ထိ ရုံးတက်မပျက်ခဲ့ပါဘူး။ ဒါကြောင့်ကျွန်မတို့မြို့က CDM အမည်ခံ ဆူပူအကြမ်းဖက်အဖွဲ့က လူမှုကွန်ရက်မှာ ကျွန်မရဲ့ပုံကိုတင်ပြီး ရှုတ်ချကြတယ်။ ကျွန်မကို လုံးဝမသိကြတဲ့ CDM သမားတွေကလည်း အဆဲပေါင်းစုံနဲ့ဝိုင်းဆဲကြတယ်။ သူတို့ကို ကျွန်မပြောချင်တာက ကျွန်မဟာ လွန်ခဲ့တဲ့ဖေဖော်ဝါရီ ၁ ရက်နေ့ကမှ အလုပ်စဝင်တာမဟုတ်ခဲ့သလို ၂၀၁၅ ခုနှစ်ရောက်မှ နိုင်ငံ့ဝန်ထမ်းဖြစ်ခဲ့တာ မဟုတ်ပါဘူး။ ဝန်ထမ်းလုပ်သက် ၂၆ နှစ်ရှိပြီဖြစ်လို့ အစိုးရအဆက်ဆက် ပြောင်းလဲတာလည်းကြုံတွေ့ခဲ့ရပြီးဖြစ်ပါတယ်။ အစိုးရအဆက်ဆက်မှာလည်း ဝန်ထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။

ဒီအစိုးရလက်ထက် ဟိုအစိုးရလက်ထက်လို့ တစ်ခါမှ မခွဲခြား၊ မဝေဖန်ခဲ့ဖူးပါဘူး။ အမိန့်ကက မိမိတာဝန် မိမိကျေပွန်ဖို့သာ အရေးကြီးပါတယ်။

အစိုးရအဆက်ဆက် ပြောင်းလဲရင်သာ ပြောင်းလဲသွားမယ်။ ကျွန်မတို့ အောက်ခြေဝန်ထမ်းတွေဘဝကတော့ အလုပ်စဝင်တဲ့နေ့ကနေ အငြိမ်းစားယူတဲ့နေ့အထိ မပြောင်းလဲဘဲ ရုံးမှန်မှန်တက်ရမယ်။

မိမိအလုပ်အပေါ် တာဝန်ကျေရမယ်။ ဒါမှနိုင်ငံ့ဝန်ထမ်းကောင်းပီသမှာပါရှင်။ နိုင်ငံ့ဝန်ထမ်းတွေဟာ အမိကက ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းရမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေတွေကို တိတိကျကျလိုက်နာကြဖို့ လိုအပ်ပါတယ်။ အခုလို CDM မလုပ်လို့ လူမှုကွန်ရက်ပေါ်တင်ပြီး အရှက်ခွဲတာလောက်ပဲ တတ်နိုင်တော့တဲ့ CDM သမားတွေကို ကျွန်မက တစ်ခုလောက်မေးချင်ပါတယ်။ ကိုယ်လုပ်သလိုလိုက်မလုပ်တဲ့သူတွေကို အုပ်စုဖွဲ့ အနိုင်ကျင့် အကြမ်းဖက်တာကို CDM ခေါ်တာလား၊ ဒါမှမဟုတ် အမြင်ချင်းမတူညီတဲ့သူတွေ၊ မျက်မုန်းကျိုးနေတဲ့သူတွေကို ချောက်ချနေတာဟာ CDM လို့ခေါ်တာလား၊ ကိုယ်လျှောက်နေတဲ့လမ်းကြောင်းတွေ မတူညီကြရုံနဲ့၊ အတင်းအဓမ္မစည်းရုံးမရကြရုံနဲ့ လူမှုကွန်ရက်ပေါ်တင်ပြီး အောက်တန်းကျကျ အရှက်ခွဲကြတာကို CDM လို့ခေါ်တာလား။ ကျွန်မကတော့စဉ်းစားမရနိုင်အောင်ပါပဲရှင်။ သူတို့ပါးစပ်က မချစတမ်းပြောနေကြတဲ့ ဒီမိုကရေစီဆိုတာ ဒီလိုတစ်ဖက်သားကို စိတ်အနှောင့်အယှက်ပေး၊ ခြိမ်းခြောက်၊ အနိုင်ကျင့်နေတာ ဒီမိုကရေစီတဲ့လားရှင်။ လွတ်လပ်စွာသဘောထားကွဲလွဲခွင့်တောင်မရှိတော့ဘူးတဲ့လား။ ကျွန်မတို့လို ကျန်းမာရေးမကောင်းတဲ့ ဝန်ထမ်းတွေ၊ အေးအေးချမ်းချမ်းနဲ့ ပင်စင်သွားချင်ကြတဲ့ ဝန်ထမ်းတွေ၊ အသက်အရွယ်ကြီးရင့်နေတဲ့ ဝန်ထမ်းတွေကလည်း ကိုယ်ကြိုက်တာကို ရွေးချယ်ခွင့်မရှိတော့ဘူးတဲ့လား။ ကိုယ်မနှစ်သက်တာကိုရော ငြင်းဆန်ခွင့် လေးမရှိတော့ဘူးလားရှင်။

တစ်နေ့တစ်နေ့ ဝန်ထမ်းတွေကိုခြိမ်းခြောက်ပြီး အနိုင်ကျင့်နေရုံနဲ့ CDM အဖွဲ့အစည်းကြီးကို ပြည်သူတွေက ဝိုင်းပြီးထောက်ခံလာဖို့နေနေသာသာ CDM လို့ကြားရုံနဲ့အော့နှလုံးနာနေကြပါပြီ။ အဖြူနဲ့အမည်း၊ အမှားနဲ့အမှန် သဲကွဲလာပြီဖြစ်လို့ နိုင်ငံ့ဝန်ထမ်းတွေ တဖြည်းဖြည်းအမြင်မှန်ရပြီး ရုံးတက်နေကြပြီ။ CDM လုပ်တဲ့သူတွေ ဘယ်လိုပဲတိုက်ခိုက်တိုက်ခိုက် ကျွန်မကတော့ အပြုံးမပျက်ရုံးတက်နေမှာပါလို့ ပြောချင်ပါတယ်ရှင်။

**ဦးကျော်စိုး(အမည်လွှဲ)**
**မူလတန်းပြ၊ ပညာရေးဝန်ကြီးဌာန**

ကျွန်တော်က ဝန်ထမ်းလုပ်သက်နှစ် ၂၀ နားကပ်နေပါပြီ။ မိခင်ဖြစ်သူနဲ့ သားအမိနှစ်ယောက်တည်းနေတာပါ။ အသောက်အစားမရှိတာမို့ ကျွန်တော့်လစာလေးရယ်၊ သွားလေသူ ဖခင်ကြီးရဲ့ပင်စင်လေးရယ် မပူမပင်နေခဲ့ရပါတယ်။ မရှိမရှားဆိုတဲ့အတိုင်း ငွေပိုငွေလျှံမရှိပေမယ့်လတိုင်း အဆင်ပြေပြေဖြတ်သန်းခဲ့ပါတယ်။ ခုလိုအရေးအခင်းကာလဖြစ်တော့ နိုင်ငံရေးအတွေ့အကြုံလည်းမရှိ၊ ဘာခံယူချက်မှမရှိဘဲ သူငယ်ချင်းတွေနဲ့ စူးစမ်းချင်လို့ စိတ်ကြောင့် CDM ထဲပါခဲ့မိတာပါ။ အစကတော့ ဆရာ ဆရာမတွေ အင်အားတောင့်တော့ တက်ကြွနေတာအမှန်ပါ။ အချိန်တန်တော့ လစာမရတဲ့အခါ အမေဖြစ်သူကို အပ်နေကျလစာ မအပ်နိုင်ခဲ့ဘူး။ ဒီအတွက် တကယ့်ကို စိတ်မကောင်းဖြစ်မိတယ်။ တစ်သက်လုံးအပ်လာနိုင်တဲ့ လစာက CDM ကြောင့် မအပ်နိုင်ခဲ့ဘူး။ အမေက CDM လုပ်တာကို အစကတည်းက သဘောမတူဘူး။ ကျွန်တော့်သူငယ်ချင်း ဆရာ ဆရာမတွေလည်း တဖြည်းဖြည်းအင်အားတွေ နည်းလာတယ်။ အသိတရားလေးနဲ့ လမ်းမှန်ပြန်လျှောက်သွားကြတဲ့သူတွေကိုကြည့်ပြီး ကျွန်တော်လည်း CDM ကို လမ်းခွဲခဲ့တာပါ။ ဒီ CDM ထဲ အနေအထိုင်မတော်ဝင်ပါမိလို့ ညဘက်အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်း မစားရ၊ ရင်တထိတ်ထိတ်နဲ့ နေခဲ့ရတဲ့ညတွေလည်း မနည်းဘူး။

ကျွန်တော့်လစာကို အားပြုစားနေရတဲ့ဘဝမှာ လစာမရတော့ အမေ့ခမျာ အတော်လေးအခက်အခဲဖြစ်ရှာတယ်။ ထစ်ကနဲဆို ခွေးပြေးဝက်ပြေးပြေးရမယ့်ဘဝကိုတွေးမိပြီး ဖြစ်ချင်ရာဖြစ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ CDM ကို လမ်းခွဲခဲ့ပါတယ်။ ဘယ်သူတွေဘာပဲပြောပြော ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းတွေ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နဲ့ ကိုယ့်အလုပ်ကိုယ် လုပ်ကြတာပဲကောင်းပါတယ်။ အခုတော့ လူမှန်နေရာမှန်ဖြစ်နေပါပြီ။ သူငယ်ချင်းတချို့တော့ လမ်းမှားဆက်လျှောက်နေဆဲပါပဲ။ တထိတ်ထိတ်နဲ့ ကျိုးလန့်စားစားနေရတဲ့ဘဝမျိုး မရောက်ချင်ရင် CDM နဲ့မပတ်သက်ကြပါနဲ့။ အထူးသဖြင့် ဝန်ထမ်းတွေ အလုပ်တစ်ခုရဖို့၊ တည်မြဲဖို့ မလွယ်ကူတာမို့ ကိုယ့်အလုပ်ကို ကိုယ်တန်ဖိုးထားကြပါလို့ ပြောချင်ပါတယ်ဗျာ။

**ဒေါ်ဖြူပြာ(အမည်လွှဲ)**
**သူနာပြုဆရာမ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ကျွန်မက နယ်မြို့လေးကနေ တာဝန်လာထမ်းဆောင်ရတာပါ။ သူငယ်ချင်းနှစ်ယောက် အိမ်တစ်လုံးငှားပြီး အတူတူနေကြတာပါ။ အိမ်ငှားခနဲ့ စားသောက်စရိတ် တစ်ယောက်တစ်ဝက်စီ ကုန်ကျခံပြီး ပေါင်းနေတာပါ။ သူငယ်ချင်းဖြစ်သူက ပညာရေးကဝန်ထမ်းမို့ ကျောင်းပိတ်တုန်း အိမ်မှာပဲအနေများပါတယ်။ ကျွန်မကတော့ ဂျူတီနားရက်မှ အိမ်ကပ်ရတယ်။ သူငယ်ချင်းနှစ်ယောက် ထမင်းလက်ဆုံစားရခဲပါတယ်။ သူလည်းသူ့ကျောင်းအလုပ်နဲ့သူ၊ ကျွန်မလည်း ကျွန်မအလုပ်နဲ့ကျွန်မဗို့ အိမ်မှာဆုံချိန် သိပ်မရှိပါဘူး။ ဒီလိုနဲ့အရေးအခင်းကာဖြစ်တော့ သူရော ကျွန်မရော CDM ထဲပါခဲ့ကြတယ်။ သူလည်းသူ့ပညာရေးအုပ်စုနဲ့သူ၊ ကျွန်မလည်းကျန်းမာရေးအဖွဲ့နဲ့အတူ အားတက်သရောလှုပ်ရှားခဲ့ကြတာပါ။ တစ်နေ့တစ်နေ့အားရတယ်မရှိဘူး။ CDM အရေးပဲ ခေါင်းထဲရှိနေခဲ့တယ်။ လကုန်တော့ လစာကမရ၊ အိမ်ရှင်က အိမ်လခလာတောင်းတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရှိတာအကုန် ကုတ်ခြစ်ပေးခဲ့ရတယ်။ တစ်လလုံးလည်း ဝင်ငွေမရှိဘဲ ကြံဖန်စားသောက်ခဲ့ရတာမသိသာပေမယ့် နှစ်လဆိုတဲ့အတိုင်းအတာမှာ အတော်လေးစားဝတ်နေရေးကျပ်တည်းနေပြီပေါ့။ ဝင်ငွေမရှိလည်း ဂရုမစိုက်ဘူးဆိုတဲ့ ခံယူချက်တွေလည်း အချိန်ကြာလာတာနဲ့အမျှ ယိမ်းယိုင်လာပြီ။ နေ့တိုင်းမပျက်မကွက် လှုပ်ရှားခဲ့တဲ့ CDM အဖွဲ့ကြီးမှာ ကျွန်မတို့သူငယ်ချင်းနှစ်ယောက် မပါနိုင်တော့ဘူး။ စားဖို့ထက် အိမ်လခလာတောင်းရင် ပေးနိုင်အောင် ဘယ်လိုလုပ်ကြမလဲလို့ အမြဲတွေးနေရပြီလေ။ နယ်က မိဘတွေဆီလည်း မပြန်ချင်တော့ ဘာဆက်လုပ်ရမှန်း မသိအောင်ဖြစ်နေတယ်။ ခုလတ်တလော အခြေအနေအရ CDM ဝင်ခြင်း မဝင်ခြင်းက ဘာမှပိုပြီး မထူးခြားပေမယ့် အဓိကပြဿနာကတော့ လစာမရရင် ဘယ်လိုမှ အဆင်မပြေနိုင်တာတော့ သေချာနေပါတယ်ရှင်။

**တွေ့ဆုံမေးမြန်း-မေလင်းအိမ်**

## မေ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၉ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၅-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၄-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၅-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၄၅,၁၆၁) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂၅၃၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၁၉) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကောင်းစက်ဝန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ ဝဋ္ဌများ စိုက်ပျိုးထုတ်လုပ်

ဖန်းမော် မေ ၅

ကချင်ပြည်နယ် ဖန်းမော်မြို့နယ်ရှိ ကောင်းစက်ဝန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်သည် စိုက်ပျိုးမြေဧက ၄၀ ပေါ်တွင် ဝဋ္ဌစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် စိုက်ပျိုးစရိတ်အဖြစ် EXIM ပံ့ပိုးချေးငွေကျပ်သိန်း ၅၀၀ တိတိကို ရယူ၍ အသင်းသားတစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် အသင်းသား ၂၀၀ အား သီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ ရွက်သီးမှရရှိသော မျိုးများကို စတင်စိုက်ပျိုးလျက်ရှိပြီး မျိုးဥမှ ရရှိသည့်မျိုးများကို မိုးရာသီဖြစ်သည့် မေလကုန်မှ ဇွန်လဆန်းတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြေးမုံ

၀

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် မေ ၅

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းတာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားပြီဖြစ်သည်။

မိုး/ဇလ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၊ ပေါက်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မဲရုံပေါင်း ၁၀၃ ရုံ | ၈၆၅၉၅ | ၈၄၀၇၈ | ၂၁၆၆ | ၆၃၁ | ၉၆၈၀ |
| ၂ | မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မဲရုံပေါင်း ၂၁၃ ရုံ | ၁၄၈၃၁၁ | ၁၃၆၇၈၁ | ၉၃၅၀ | ၁၃၀၄ | ၁၇၇၉၂ |
| ၃ | မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မဲရုံပေါင်း ၂၈၄ ရုံ | ၂၁၉၁၁၂ | ၁၇၃၅၅၇ | ၁၁၁၅၀ | ၃၄၄၄ | ၃၃၁၈၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၊ ပေါက်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၆၀၀၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၁၉၅၃၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၄၃၄၀၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၇၆၁၂၈၊ မြေပြင်လက်ကျန် ၁၆၆၆၃၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၁၈၈၉ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၄၀၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | ဆိပ်ဖြူ | ၁၀၃ | ၉၉၈၀၅ | ၆၉၅၈၄ | ၃၀၂၂၁ | ၃၁၀၆၁ | ၁၂၀၅ | ၂၀၄၅ |
| ၂ | ပေါက် | ၂၁၃ | ၁၇၂၂၄၆ | ၁၁၄၂၁၀ | ၅၈၀၃၆ | ၅၄၈၂၄ | ၃၅၆၇ | ၃၅၅ |
| ၃ | တောင်တွင်းကြီး | ၂၈၄ | ၂၄၇၄၈၃ | ၁၅၉၆၁၂ | ၈၇၈၇၁ | ၈၀၇၅၄ | ၇၁၁၇ | |
| | စုစုပေါင်း | ၆၀၀ | ၅၁၉၅၃၄ | ၃၄၃၄၀၆ | ၁၇၆၁၂၈ | ၁၆၆၆၃၉ | ၁၁၈၈၉ | ၂၄၀၀ |

**ဆိပ်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စု၊ မဲရုံပေါင်း ၁၀၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၉၈၀၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၉၅၈၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၀၂၂၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၁၀၆၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၉၅၈၅၀ | ၆၉၀၈၁ | ၂၆၇၆၉ | ၂၇၃၀၁ | ၁၂၀၅ | ၁၇၃၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၁၃ | ၅၀၃ | ၁၀ | ၁၀ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၄၄၂ | | ၃၄၄၂ | ၃၇၅၀ | | ၃၀၈ |
| | စုစုပေါင်း | ၉၉၈၀၅ | ၆၉၅၈၄ | ၃၀၂၂၁ | ၃၁၀၆၁ | ၁၂၀၅ | ၂၀၄၅ |

၆။ ဆိပ်ဖြူမြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စုရှိ မဲရုံပေါင်း ၁၀၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၂၀၅ ပျောက်ဆုံးနေပြီး ၁၇၃၇ ပိုသုံးထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ဆန္ဒမဲလက်မှတ်ထုတ်ယူရရှိမှုမှာ ၅၁၃ ဖြစ်ပြီး မဲပေးအသုံးပြုမှုမှာ ၅၀၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၀ ဖြစ်ပြီး မြေပြင်လက်ကျန်တွင် ၁၀ ကျန်ရှိသောကြောင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ကျန်ရှိရမည့် မဲလက်မှတ်မှာ ၃၄၄၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၇၅၀ ရှိနေသဖြင့် မဲလက်မှတ် ၃၀၈ အပိုတွေ့ရှိရသည်။

၇။ ဆိပ်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | အနောက်ပိုင်းရပ်ကွက် | ၂ | ၃၂၀၀ | ၂၂၈၇ | ၉၁၃ | ၉၆၂ | | ၄၉ |
| ၂ | ရွာသစ်ရပ်ကွက် | ၁ | ၁၆၅၀ | ၁၂၄၀ | ၄၁၀ | ၄၁၀ | | |
| ၃ | ကိုးတောင့်ကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၃၂၆ | ၆၇၄ | ၈၂၈ | | ၁၅၄ |
| ၄ | ကမ္ဘားကြီးကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၃၅ | ၂၆၅ | ၂၆၅ | | |
| ၅ | ချင်တောင်ကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၂၁၃၇ | ၁၀၆၃ | ၁၂၀၃ | | ၁၄၀ |
| ၆ | မြင်ကဝကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၀၅၉ | ၁၀၉၁ | ၁၀၅၁ | ၄၀ | |
| ၇ | တဲကြီးကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၁၅၆ | ၆၉၄ | ၆၉၄ | | |
| ၈ | မြေကြမ်းတောကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၅၇ | ၄၄၃ | ၂၄၃ | ၂၀၀ | |
| ၉ | ထိန်ကန်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၆၈၀ | ၄၇၀ | ၄၇၀ | | |
| ၁၀ | ဝွေးပင်ကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၈၇၇ | ၅၂၃ | ၅၂၃ | | |
| ၁၁ | မကျီးကုန်းကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၅၆ | ၁၉၄ | ၁၉၄ | | |
| ၁၂ | ရွာသာအေးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၅၁ | ၄၉၉ | ၄၉၉ | | |
| ၁၃ | ကဈွန်းမကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၂၀၁၇ | ၇၈၃ | ၇၈၇ | | ၄ |
| ၁၄ | ကျွန်းတောကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၈၅ | ၄၁၅ | ၄၁၅ | | |
| ၁၅ | ကုန်းရွာကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၆၁၂ | ၅၃၈ | ၅၃၈ | | |
| ၁၆ | ကျောင်းရွာကျေးရွာအုပ်စု | ၃ | ၂၈၅၀ | ၂၀၉၁ | ၇၅၉ | ၈၆၀ | | ၁၀၁ |
| ၁၇ | သက္ကယ်ကျင်းကျေးရွာအုပ်စု | ၄ | ၂၅၅၀ | ၁၇၈၀ | ၇၇၀ | ၇၇၀ | | |
| ၁၈ | ငှက်ကွေးကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၃၄၆ | ၅၀၄ | ၅၇၉ | | ၇၅ |
| ၁၉ | ရှောက်ပင်အင်းကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၈၉၄ | ၂၅၆ | ၂၅၆ | | |
| ၂၀ | ငှက်ပြာကြီးကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၅၂၀ | ၃၈၀ | ၃၈၀ | | |
| ၂၁ | ကော်တုံကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၄၆၈ | ၅၃၂ | ၅၃၂ | | |
| ၂၂ | ကျွန်းချောင်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၂၄ | ၄၇၆ | ၄၇၆ | | |
| ၂၃ | ရှားလှကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၅၄၄ | ၅၅၆ | ၆၀၆ | | ၅၀ |
| ၂၄ | ညောင်နီချောင်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၂၅ | ၄၂၅ | ၄၂၅ | | |
| ၂၅ | ရွာသစ်ကြီးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၄၉ | ၄၀၁ | ၄၀၁ | | |
| ၂၆ | ယောဝရပ်ကွက် | ၁ | ၁၇၀၀ | ၁၂၀၃ | ၄၉၇ | ၄၉၇ | | |
| ၂၇ | အလယ်ပိုင်းရပ်ကွက် | ၁ | ၁၅၅၀ | ၉၂၃ | ၆၂၇ | ၃၂၇ | ၃၀၀ | |
| ၂၈ | ချောင်းမကြီးကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၈၀၈ | ၆၄၂ | ၁၀၂၄ | | ၃၈၂ |
| ၂၉ | ပင်းတလဲကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၁၁၅၈ | ၉၂ | ၉၆ | | ၄ |
| ၃၀ | ဒေါ်သာကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၉၇ | ၄၀၃ | ၂၁၄ | ၁၈၉ | |
| ၃၁ | ပေတောကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၃၇၈ | ၁၇၂ | ၃၂၂ | | ၁၅၀ |
| ၃၂ | အနောက်ကံတွင်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၈၆ | ၃၁၄ | ၂၁၄ | ၁၀၀ | |
| ၃၃ | ရေပုတ်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၃၅ | ၂၆၅ | ၂၆၅ | | |
| ၃၄ | အရှေ့ကံတွင်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၈၆ | ၆၁၄ | ၅၇၈ | ၃၆ | |
| ၃၅ | လက်ဆည်ကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၉၆၁ | ၅၃၉ | ၅၅၄ | | ၁၅ |
| ၃၆ | တက်မကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၄၀၀ | ၇၀၀ | ၇၀၀ | | |
| ၃၇ | ဆိုက်ခမ်းကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၃၁၂ | ၃၈၈ | ၃၈၈ | | |
| ၃၈ | ရွာမကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၆၀၄ | ၄၄၆ | ၄၄၆ | | |
| ၃၉ | ရှားပင်အိုင့်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၉၄ | ၅၅၆ | ၅၆၆ | | ၁၀ |
| ၄၀ | ကျားဘေကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၆၂ | ၅၈၈ | ၅၈၈ | | |
| ၄၁ | ထမ္မကောက်ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၄၉၃ | ၇၅၇ | ၇၅၇ | | |
| ၄၂ | အင်းကန်ကျေးရွာအုပ်စု | ၃ | ၂၃၀၀ | ၁၇၆၆ | ၅၃၄ | ၈၃၃ | | ၂၉၉ |
| ၄၃ | ကျောက်ကြီးကျေးရွာအုပ်စု | ၅ | ၅၄၀၀ | ၃၉၂၀ | ၁၄၈၀ | ၁၄၈၀ | | |
| ၄၄ | ကင်မွန်းတောင့်ကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၅၆၈ | ၁၀၈၂ | ၁၀၈၂ | | |
| ၄၅ | အနောက်ကမ်းဖြူကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၉၂၃ | ၅၇၇ | ၈၈၁ | | ၃၀၄ |
| ၄၆ | ကူရှည်ကျေးရွာအုပ်စု | ၃ | ၄၁၅၀ | ၂၆၈၈ | ၁၄၆၂ | ၁၁၂၂ | ၃၄၀ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၁၀၃ | ၉၅၈၅၀ | ၆၉၀၈၁ | ၂၆၇၆၉ | ၂၇၃၀၁ | ၁၂၀၅ | ၁၇၃၇ |
| | မြို့နယ်ကြိုတင်မဲ | | ၅၁၃ | ၅၀၃ | ၁၀ | ၁၀ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၃၄၄၂ | | ၃၄၄၂ | ၃၇၅၀ | | ၃၀၈ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၀၃ | ၉၉၈၀၅ | ၆၉၅၈၄ | ၃၀၂၂၁ | ၃၁၀၆၁ | ၁၂၀၅ | ၂၀၄၅ |

စာမျက်နှာ ၁၉ သို့ »»

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

»» စာမျက်နှာ ၁၉ မှ
၁၂။ တောင်တွင်းကြီးမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၈၂ အုပ်စုရှိ မဲရုံပေါင်း ၂၈၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၇၁၁၇ ပျောက်ဆုံးနေပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွင် လက်ကျန် ဆန္ဒမဲလက်မှတ်အရေအတွက် ၂၀၀ ကျန်ရှိပါသည်။
၁၃။ တောင်တွင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | တောင်ပြင်(၁)ရပ်ကွက် | ၂ | ၃၈၅၀ | ၂၅၅၉ | ၁၂၉၁ | ၄၉၁ | ၈၀၀ | |
| ၂ | တောင်ပြင်(၂)ရပ်ကွက် | ၂ | ၃၂၅၀ | ၂၄၇၄ | ၇၇၆ | ၇၇၆ | | |
| ၃ | မောင်းတိုင်(၁)ရပ်ကွက် | ၂ | ၂၄၅၀ | ၁၆၅၂ | ၇၉၈ | ၇၉၈ | | |
| ၄ | မောင်းတိုင်(၂)ရပ်ကွက် | ၄ | ၆၈၀၀ | ၄၉၆၄ | ၁၈၃၆ | ၁၈၃၆ | | |
| ၅ | ရွှေအိုး(၁)ရပ်ကွက် | ၅ | ၅၃၅၀ | ၃၃၄၈ | ၂၀၀၂ | ၂၀၀၂ | | |
| ၆ | ရွှေအိုး(၂)ရပ်ကွက် | ၃ | ၄၇၀၀ | ၂၇၁၇ | ၁၉၈၃ | ၁၄၈၃ | ၅၀၀ | |
| ၇ | ရွှေကြာအင်း(၁)ရပ်ကွက် | ၂ | ၄၃၅၀ | ၂၄၂၁ | ၁၉၂၉ | ၁၆၈၃ | ၂၄၆ | |
| ၈ | ရွှေကြာအင်း(၂)ရပ်ကွက် | ၁ | ၁၆၅၀ | ၁၁၄၈ | ၅၀၂ | ၅၀၂ | | |
| ၉ | အုန်းတော(၁)ရပ်ကွက် | ၂ | ၄၅၅၀ | ၃၀၂၇ | ၁၅၂၃ | ၁၂၇၅ | ၂၄၈ | |
| ၁၀ | အုန်းတော(၂)ရပ်ကွက် | ၂ | ၃၈၅၀ | ၂၈၀၉ | ၁၀၄၁ | ၁၀၄၁ | | |
| ၁၁ | ရေဦးကျေးရွာအုပ်စု | ၆ | ၃၄၅၀ | ၂၂၂၉ | ၁၂၂၁ | ၁၂၂၁ | | |
| ၁၂ | တရုပ်ကောကျေးရွာအုပ်စု | ၅ | ၃၆၀၀ | ၂၃၂၄ | ၁၂၇၆ | ၁၀၀၅ | ၂၇၁ | |
| ၁၃ | ဟင်္ဂရော်ကျေးရွာအုပ်စု | ၅ | ၄၃၀၀ | ၂၆၇၆ | ၁၆၂၄ | ၁၅၇၄ | ၅၀ | |
| ၁၄ | ဝါးခြမ်းကာကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၉၅၄ | ၃၉၆ | ၃၉၆ | | |
| ၁၅ | ကုက္ကိုခွကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၇၂၆ | ၉၂၄ | ၉၂၄ | | |
| ၁၆ | ပျားတုကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၆၃၈ | ၄၁၂ | ၄၁၂ | | |
| ၁၇ | ညောင်ကုန်းကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၈၉၆ | ၅၀၄ | ၄၈၄ | ၂၀ | |
| ၁၈ | အင်းရွာကြီးကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၅၆ | ၁၉၄ | ၁၉၄ | | |
| ၁၉ | အုန်နှဲတန်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၁၇ | ၄၈၃ | ၄၈၃ | | |
| ၂၀ | လက်ပံရှည်ကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၇၂၉ | ၆၂၁ | ၆၂၁ | | |
| ၂၁ | ရှမ်းကိုင်းကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၂၃၇ | ၇၆၃ | ၇၂၃ | ၄၀ | |
| ၂၂ | ခင်တဲကျေးရွာအုပ်စု | ၅ | ၄၀၀၀ | ၂၃၆၉ | ၁၆၃၁ | ၁၂၈၅ | ၃၄၆ | |
| ၂၃ | ပန်းသွင်းလေးကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၃၁၄ | ၅၈၆ | ၅၈၆ | | |
| ၂၄ | ပန်းသွင်းကြီးကျေးရွာအုပ်စု | ၄ | ၄၂၀၀ | ၂၇၇၈ | ၁၄၂၂ | ၁၄၂၂ | | |
| ၂၅ | လက်ပန်ဘုကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၆၉၁ | ၄၀၉ | ၄၀၉ | | |
| ၂၆ | အောင်းစုကျေးရွာအုပ်စု | ၈ | ၆၀၅၀ | ၃၆၂၉ | ၂၄၂၁ | ၂၄၂၁ | | |
| ၂၇ | မေင်ကျေးရွာအုပ်စု | ၉ | ၅၂၅၀ | ၂၉၅၁ | ၂၂၉၉ | ၂၀၉၉ | ၂၀၀ | |
| ၂၈ | သစ်ရာကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၂၆၇ | ၅၈၃ | ၅၈၁ | ၂ | |
| ၂၉ | ပွင့်လှကြီးကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၇၁၉ | ၅၈၁ | ၅၈၁ | | |
| ၃၀ | သီလကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၀၈ | ၁၉၂ | ၁၉၂ | | |
| ၃၁ | ညောင်ပင်လှကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၁၉၉၅ | ၁၂၀၅ | ၁၁၀၉ | ၉၆ | |
| ၃၂ | ဘိုကုန်းကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၁၄၄ | ၅၀၆ | ၄၅၆ | ၅၀ | |
| ၃၃ | အင်ကုန်းကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၆၅၂ | ၈၉၈ | ၈၉၈ | | |
| ၃၄ | ဓီးတောကျေးရွာအုပ်စု | ၆ | ၆၈၀၀ | ၄၄၁၅ | ၂၃၈၅ | ၂၃၃၅ | ၅၀ | |
| ၃၅ | ပေါက်ကျေးရွာအုပ်စု | ၂ | ၈၀၀ | ၅၄၀ | ၂၆၀ | ၂၆၀ | | |
| ၃၆ | ဆတ်သွားကျေးရွာအုပ်စု | ၅ | ၆၄၀၀ | ၄၄၂၅ | ၁၉၇၅ | ၁၉၁၉ | ၅၆ | |
| ၃၇ | ကျန်စုကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၈၈၄ | ၇၁၆ | ၇၁၆ | | |
| ၃၈ | ပြည့်ညင်ကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၀၂၅ | ၆၂၅ | ၆၂၅ | | |
| ၃၉ | ကံပေးကြီးကျေးရွာအုပ်စု | ၆ | ၃၄၀၀ | ၂၂၆၆ | ၁၁၃၄ | ၁၁၃၄ | | |
| ၄၀ | ကင်ပွန်းတောင်ကျေးရွာအုပ်စု | ၇ | ၇၄၀၀ | ၄၄၄၄ | ၂၉၅၆ | ၁၈၄၈ | ၁၁၀၈ | |
| ၄၁ | ဆီမီးထွန်းကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၂၀၃၈ | ၈၆၂ | ၈၆၂ | | |
| ၄၂ | ပင်တိုင်ကျေးရွာအုပ်စု | ၄ | ၄၄၅၀ | ၂၉၅၅ | ၁၄၉၅ | ၁၂၄၃ | ၂၅၂ | |
| ၄၃ | ချောင်းနက်ကျေးရွာအုပ်စု | ၈ | ၇၀၅၀ | ၄၆၆၇ | ၂၃၈၃ | ၂၁၃၅ | ၂၄၈ | |
| ၄၄ | ကံလှကန်ကျေးရွာအုပ်စု | ၄ | ၃၂၅၀ | ၂၁၀၅ | ၁၁၄၅ | ၁၀၄၁ | ၁၀၄ | |
| ၄၅ | ပန်းတောငယ်ကျေးရွာအုပ်စု | ၄ | ၂၇၀၀ | ၁၈၉၄ | ၈၀၆ | ၇၅၈ | ၄၈ | |
| ၄၆ | ကျခတ်ကန်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၆၂ | ၃၈၈ | ၃၃၈ | ၅၀ | |
| ၄၇ | ကျွဲကန်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၁၆ | ၁၈၄ | ၁၈၄ | | |
| ၄၈ | အင်ကြင်းကုန်းကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၄၈၉ | ၇၁၁ | ၇၁၁ | | |
| ၄၉ | ရေဝေကျေးရွာအုပ်စု | ၅ | ၃၄၅၀ | ၁၉၈၆ | ၁၄၆၄ | ၈၆၄ | ၆၀၀ | |
| ၅၀ | ကိုးပင်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၂၉၁ | ၆၀၉ | ၆၀၉ | | |
| ၅၁ | ယာကြီးတောကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၁၄၇၅ | ၈၂၅ | ၈၂၅ | | |
| ၅၂ | လှည်းပွဲကြီးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၂၅ | ၅၂၅ | ၃၂၅ | ၂၀၀ | |
| ၅၃ | ဆူးကောက်ကြီးကျေးရွာအုပ်စု | ၅ | ၂၇၀၀ | ၁၈၂၄ | ၈၇၆ | ၈၂၆ | ၅၀ | |
| ၅၄ | ညာဂမိုးကျေးရွာအုပ်စု | ၇ | ၄၀၀၀ | ၂၆၀၇ | ၁၃၉၃ | ၁၁၉၃ | ၂၀၀ | |
| ၅၅ | မိအူအောင်းကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၁၀၅၅ | ၄၉၅ | ၄၉၅ | | |
| ၅၆ | သစ်ပုတ်ကုန်းကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၆၃ | ၂၈၇ | ၁၈၇ | ၁၀၀ | |
| ၅၇ | တည်တော(၁)ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၉၀၃ | ၅၄၇ | ၄၉၇ | ၅၀ | |
| ၅၈ | တည်တော(၂)ကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၅၃၆ | ၆၈၄ | ၆၈၄ | | |
| ၅၉ | ဝက္ကသေးကျေးရွာအုပ်စု | ၄ | ၃၇၀၀ | ၂၄၄၀ | ၁၂၆၀ | ၁၁၉၀ | ၇၀ | |
| ၆၀ | သီရိမင်္ဂလာကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၂၁ | ၁၇၉ | ၁၇၉ | | |
| ၆၁ | ကုက္ကိုကုန်းကျေးရွာအုပ်စု | ၅ | ၆၇၅၀ | ၄၃၃၆ | ၂၄၁၄ | ၂၁၂၂ | ၂၉၂ | |
| ၆၂ | တိုက်ပွဲကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၁၉၃ | ၈၅၇ | ၈၅၇ | | |
| ၆၃ | ဂုံညင်းတန်းကျေးရွာအုပ်စု | ၆ | ၅၃၀၀ | ၃၃၀၈ | ၁၉၉၂ | ၁၇၈၈ | ၂၀၄ | |
| ၆၄ | လယ်သာ(၁)ကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၁၉၈၉ | ၁၁၆၁ | ၁၁၆၁ | | |
| ၆၅ | လယ်သာ(၂)ကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၂၁၇၀ | ၁၂၈၀ | ၁၂၈၀ | | |
| ၆၆ | စစ်တားကျေးရွာအုပ်စု | ၇ | ၄၁၀၀ | ၂၈၂၅ | ၁၂၇၅ | ၁၂၇၅ | | |
| ၆၇ | ပေပင်ယားကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၇၈ | ၆၂၂ | ၆၂၂ | | |
| ၆၈ | ရေတွင်းကောင်းကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၆၆၆ | ၅၃၄ | ၅၃၄ | | |
| ၆၉ | လက်တက်ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၄၄၈ | ၈၀၂ | ၈၀၂ | | |
| ၇၀ | ညာတောကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၂၂၈ | ၇၂၂ | ၆၄၉ | ၇၃ | |
| ၇၁ | ကန်သာကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၅၇၀ | ၇၈၀ | ၇၇၈ | ၂ | |
| ၇၂ | ကြက်လျှာကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၃၇၆ | ၈၂၄ | ၈၂၄ | | |
| ၇၃ | မှုတ်ရှည်ကျေးရွာအုပ်စု | ၅ | ၁၉၅၀ | ၁၂၆၀ | ၆၉၀ | ၆၈၉ | ၁ | |
| ၇၄ | လိပ်တိုက်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၅၉ | ၄၄၁ | ၄၄၁ | | |
| ၇၅ | ဝါးသုံးပြုံးကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၉၁၅ | ၆၃၅ | ၆၃၅ | | |
| ၇၆ | ကြို့ချောင်းကျေးရွာအုပ်စု | ၅ | ၄၄၀၀ | ၂၆၃၃ | ၁၇၆၇ | ၁၇၆၂ | ၅ | |
| ၇၇ | တောင်လျောင်းကျေးရွာအုပ်စု | ၇ | ၄၀၀၀ | ၂၅၄၃ | ၁၄၅၇ | ၁၄၀၃ | ၅၄ | |
| ၇၈ | ပတ်လည်ကြီးကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၂၀၃၈ | ၁၁၆၂ | ၁၀၈၂ | ၈၀ | |
| ၇၉ | အိုးပေါက်ကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၀၀၀ | ၇၀၀ | ၆၅၀ | ၅၀ | |
| ၈၀ | ကုလားမကျေးရွာအုပ်စု | ၃ | ၄၂၀၀ | ၂၅၁၇ | ၁၆၈၃ | ၁၆၃၂ | ၅၁ | |
| ၈၁ | တလုပ်ကုန်းကျေးရွာအုပ်စု | ၄ | ၃၂၅၀ | ၁၈၉၉ | ၁၃၅၁ | ၁၃၅၁ | | |
| ၈၂ | ကံကြီးကုန်းကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၂၄၂ | ၁၃၀၈ | ၁၀၅၈ | ၂၅၀ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၈၄ | ၂၄၄၉၀၀ | ၁၅၈၄၄၂ | ၈၆၄၅၈ | ၇၉၃၄၁ | ၇၁၁၇ | |
| | မြို့နယ်ကြိုတင်မဲ | | ၂၃၈၃ | ၁၁၇၀ | ၁၂၁၃ | ၁၂၁၃ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၂၀၀ | | ၂၀၀ | ၂၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၈၄ | ၂၄၇၄၈၃ | ၁၅၉၆၁၂ | ၈၇၈၇၁ | ၈၀၇၅၄ | ၇၁၁၇ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# (၂၈)ကြိမ်မြောက် မြန်မာတပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅

(၂၈)ကြိမ်မြောက် မြန်မာတပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ အွန်လိုင်းစနစ် Virtual Conference ဖြင့် တစ်ပြိုင်တည်း ကျင်းပသည်။

တက်ရောက်

နှီးနှောဖလှယ်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် လာအိုနိုင်ငံများမှ ဆေးတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ ထို့အပြင် အခြားတပ်မတော်ဆေးရုံ၊ ဆေးတပ်အသီးသီးသည် Internet မှတစ်ဆင့် Virtual Conference သို့ နေရာ ၁၄၈ နေရာမှ ပါရဂူ ဆေးမှူး၊ သူနာပြု (အရာရှိ)၊ သူနာပြု တက်ရောက်သူ စုစုပေါင်း ၆၆၈ ဦး တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် (၂၈)ကြိမ်မြောက် မြန်မာတပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကိုကိုလွင်က အဖွင့်အမှာစကား ပြောကြားကာ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ပထမနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ Symposium of the Conference အဖြစ် "Healthcare Trends in a Pandemic: Myanmar Military Medical Practice"ကိုလည်းကောင်း၊ Major Symposium များအဖြစ် "Traumatic Brain Injury in Combat Casualty Care"၊ "Cardiovascular Disease in COVID-19 (Practical Approach)"၊ "Managing Non-COVID Respiratory Diseases in the Era of COVID-19"၊ "Challenges of COVID-19 Pandemic in Myanmar: Military Nursing Perspective"၊ "Tele Psychiatry in COVID-19 Pandemic"၊ "Role of Insulin Therapy in Management of Diabetes Mellitus"၊ "Immunological Role of Herbs in COVID-19" နှင့် Special Talk လေးခုတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် သုတေသနစာတမ်းများအဖြစ် ဆေးဝါးပညာ၊ သူနာပြုပညာ၊ သားဖွားနှင့် မီးယပ်ရောဂါပညာ၊ ဆေးပညာ၊ ဓာတ်မှန်ပညာစသည့် ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း စုစုပေါင်း ၁၄ စောင်ကို ပါဝင်ဖိတ်ကြား တင်သွင်းခဲ့ကြသည်။

အဆိုပါ (၂၈)ကြိမ်မြောက် မြန်မာတပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဧပြီ ၅ ရက်မှ ဧပြီ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် ဧပြီ ၅

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၁၈၃၂၉ ဦး၊ အတွင်းလူနာ ၄၄၈၂ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၅၅၁၉ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၈၆၉ ဦး စုစုပေါင်း ၈၃၈၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၂၉၁၇ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၅၃၅ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၇၄၅၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြိတ်မြို့ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်ခဲ့သည့် ခရီးသည်တင်လှေအား ကူညီကယ်ဆယ်

နေပြည်တော် ဧပြီ ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဧပြီ ၄ ရက် ညနေ ၆ နာရီခွဲခန့်တွင် မအိုင်ကျွန်း၏ အရှေ့တောင်ဘက် ရေမိုင် ငါးမိုင်ခန့်အကွာ၌ ခရီးသည်တင်လှေ တစ်စင်း ကျောက်ဆောင်နှင့် တိုက်မိပြီး ရေဝင်နစ်မြုပ်နေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ လှေပေါ်ပါ လှေသား သုံးဦးနှင့် ခရီးသည် ၂၀ တို့အား ဒေသခံလှေငယ် လေးစင်းက ကယ်ဆယ်ထားကြောင်း တွေ့ရှိရသဖြင့် ၎င်းနစ်မြုပ်လှေပေါ်မှ လှေသားများနှင့် ခရီးသည်များအား စစ်ရေယာဉ်ပေါ်သို့ ပြောင်းရွှေ့ တင်ဆောင်ကာ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်းများ ဆောင်ရွက်ပေးသည်။



အဆိုပါ ရေဝင်နစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည့် လှေသားများနှင့် ခရီးသည်များအား ရေကန်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

★

# ကျိုက်မရောမြို့နယ်၌ ပညာရေးဝန်ထမ်းများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

ကျိုက်မရော ဧပြီ ၅

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၈ နာရီမှစ၍ မြို့နယ်အားကစားရုံခန်းမ၌ ထိုးနှံပေးလျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးများ ထိုးနှံပေးခြင်းဖြစ်ပြီး ဆေးမထိုးမီ ဆေးထိုးမည့်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းများ ဆောင်ရွက်ပေးကြကာ ပုံမှန်အခြေအနေရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဆေးထိုးပြီးသူများကို လည်း မိနစ် ၃၀ ခန့် နားနေစေကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ထိုးနှံပေးသွားမည်

ကျိုက်မရောမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို မတ် ၂၆ ရက်မှ ဧပြီ ၆ ရက်အထိ ဌာနဆိုင်ရာဝန်ထမ်း ၄၅၀၊ ဆရာ ဆရာမ ၅၀၂ ဦး ရှိပြီး ဧပြီ ၆ ရက် မွန်းလွဲ ၁နာရီတွင် မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့ဗွယ်ဝင် သီလရှင်များအား ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(မြန်/ဆက်)

◘ မန်ယူအသင်းမှ

ဘရိုက်တန်အသင်းအတွက်တော့ ပြိုင်ပွဲအရပ်ရပ်မှာ မန်ယူအသင်းနဲ့ အိမ်ကွင်းရော အဝေးကွင်းမှာပါ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၁၃ ပွဲစလုံး ရှုံးနိမ့်ခဲ့တဲ့ မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၃၀ ကစားအပြီးမှာ ရမှတ် ၆၀ နဲ့ အမှတ်ပေးဇယား အဆင့် ၂ နေရာမှာ ဆက်လက်ဦးဆောင်နေပြီး ဘရိုက်တန်အသင်းကတော့ ပရီမီယာလိဂ်ပွဲစဉ် ၃၀ ကစားအပြီးမှာ ရမှတ် ၃၂ မှတ်နဲ့ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၁၆ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

မန်ယူအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် ဧပြီ ၈ ရက်မှာ ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်ကို စပိန်လာလီဂါကလပ် ဂရန်နာဒါအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘရိုက်တန်အသင်းကတော့ ဧပြီ ၁၂ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အဲဗာတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ငွေကြယ်

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၅

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မေ ၂ ရက်က မြောက်ဥက္ကလာပမြို့နယ် သီရိရတနာဝင်းလမ်း၌ မသင်္ကာဖွယ်ရာ အမျိုးသားတစ်ဦးတွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ ရဲမင်းထွန်း(ဘ) ဦးဌေးဝင်းအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း၊ (၄)ရပ်ကွက် ပုလဲ(၁)လမ်းနေ ဆူပူအကြမ်းဖက်မှုတွင် ပါဝင်လှုံ့ဆော်သူ ဦးတင်ဆွေ (ဘ) ဦးမြင့်အောင်အား လည်းကောင်း၊ (ည)ရပ်ကွက် သုနန္ဒာလမ်းနှင့် ခေမာသီလမ်းဆုံ၌ မော်တော်ယာဉ်အမှတ် Probox အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ အငှားယာဉ်မောင်းဖြစ်သူ ဇော်ဇော်အောင် (ဘ) ဦးဆွေဝင်းအား ဓားမြှောင်စုံ ၁၈ လက်နှင့်လည်းကောင်း၊ မေ ၃ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၇) ရပ်ကွက် အင်းဝ(၂)လမ်း အမှတ်(၉၆၂)၌ ဆူပူအကြမ်းဖက်မှုများလုပ်ဆောင်ခြင်းနှင့် ဖြန့်ပေးဆွဲခြင်းများ လုပ်ဆောင်သည့် သင်းအေး(ခ)ကျွဲကြီး၊ စိုးသူအောင် (ဘ)ဦးမြသောင်း၊ ရှိုင်းသူရ (ဘ) ဦးဌေးကြွယ်၊ ဇော်မင်းထွန်း(ခ) အိုက်ပီး (ဘ) ဦးအုန်းတင်နှင့် ဒေါ်ဝေဝေခိုင် (ဘ) ဦးဆန်းမောင်တို့ ငါးဦးအား ၎င်းတို့ခိုးယူထားသည့် မော်တော်ယာဉ်တစ်စီး၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ညောင်တုန်းမြို့ မြို့ပေါ်ရပ်ကွက်များအတွင်း လက်လုပ်မိုင်းတုလေးလုံးထောင်ရာတွင် ပါဝင်ခဲ့သူ အမှတ်(၂) ရပ်ကွက် အမှတ်(၂၆)လမ်းနေ ရှိန်းဇင်ဖြိုး (ဘ) ဦးအေးကိုအား လည်းကောင်း၊ မြန်အောင်မြို့ ဘန့်ဘွေးကုန်းကျေးရွာရှိ ရဲကင်းစခန်းအား စီးရှို့ခဲ့သူ ဝေလင်းထက် (ဘ) ဦးမြင့်ခိုင်အား လည်းကောင်း၊ ပန်းတောင်းမြို့နယ် တုံးဘိုတိုက်နယ် သာစည်ကုန်းကျေးရွာ မဟာအတုလအနန္တမုနိဘုရားကုန်းအနီးရှိ လမ်းပေါ်၌ ဆူပူအကြမ်းဖက်သူများက သစ်ကိုင်းများ၊ ကျောက်တုံးများဖြင့်ပိတ်ဆို့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုတိုက်ခိုက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ ကြည်ခိုင်(ဘ)ဦးအုန်းမောင်အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။




လှိုင်ကော်မြို့၌ အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

မေ ၄ ရက်တွင် လယ်ဝေးမြို့ အမှတ်(၄)ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးရှိ အိမ်အမှတ် (၄/၅၄)နေ ကျော်ကျော်ဟန်(ခ) ကျော်ဇေ(ခ)ဖိုးလုံး (ဘ)ဦးသောင်းလွင်အား ၎င်းပိုင်ဆိုင်သော ဆွေသဟာ အထည်ဆိုင်အတွင်းမှ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း၊ တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် မြင့်မိုရ်လမ်းကြား၌ အတားအဆီးများပြုလုပ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်တိုက်ခိုက်သူများဖြစ်သည့် မျိုးမောင်မောင်(ခ) မွေးနီ(ဘ) ဦးမြသန်း၊ အောင်ဇော်သန်း(ခ)ဖိုးဖြူ(ဘ)ဦးမြသန်း၊ ဖိုးလုံး (ခ)ထွန်းထွန်းဦး(ဘ) ဦးမြသန်း၊ ခွန်မောင်ဖြူ (ဘ) ဦးခွန်ကျော်ရီ၊ ဦးမြင့်သိန်း(ဘ) ဦးထွန်းစိန်နှင့် ကျော်စွာ(ဘ)ဦးအံ့ထော်တို့ ခြောက်ဦးအားလည်းကောင်း၊ လှိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် မီးပွိုင့်အနီး၌ ဆူပူအကြမ်းဖက်သူ ၁၀၀ ခန့်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖြိုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း၊ သံဖြူဇရပ်မြို့နယ်သွားကားလမ်း၌ ကရုပ္ပိကျေးရွာဘက်မှ ပငကျေးရွာဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်အမှတ် 3M- 9217၊ Mitsubishi Extercup အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ NLD ပါတီ ရပ်/ကျေး အတွင်းရေးမှူးဖြစ်သူ သူရိန်ထွန်း (ဘ)ဦးချစ်စိန်အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများ၊ CRPH အဖွဲ့ဝင်များနှင့် ဆက်သွယ်ပြောဆိုထားသည့် မှတ်တမ်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့ပြင် ကမာရွတ်မြို့နယ် ထန်းတပင်လမ်းနှင့် စေတနာသုခလမ်းထောင့်နေရာ၌ ဆူပူအကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲရာ ၎င်းနေရာမှ လက်လုပ်ဗုံးတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စံပယ်လမ်း တိုက်အမှတ် (၁၂၈၂) ဒုတိယထပ်ရှိ ရဲထွဋ်ဝင်း နေအိမ်၌ လွင်မိုးဟိန်းအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးဝင်း ဒနင်းရိုးချောင်းပတ်လမ်း ဟိုက်ဒရောလစ်ပိုက်အရောင်းဆိုင် ဆိုင်အမှတ်(ထ/၁၄)၌ ဆွေသက်ဝင်း (ဘ) ဦးသိန်းဇော် အပါအဝင် အမျိုးသား လေးဦးအား ဒူးလေး လေးလက်၊ ဓားမြှောင် ၂၀ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ မုံရွာမြို့ အလယ်ရပ်ကွက် အမှတ်(၁)အထက်တန်းကျောင်းလမ်း၌ CRPH အဖွဲ့အား ကြိုးကိုင်ခေါင်းဆောင်သူတစ်ဦးဖြစ်သည့် NLD ပါတီ ရပ်/ ကျေး ဥက္ကဋ္ဌဖြစ်သူ နေဦး(ဘ) ဦးလှအောင်အား လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် ဘားအံမြို့ အမှတ်(၆) ရပ်ကွက်ရှိ ဦးမျိုးမြင့်(ဘ) ဦးထွန်းတင်၏ နေအိမ်မှ လက်လုပ်သေနတ် တစ်လက်၊ ၃၈ ဗို့ ခြောက်လုံးပြူးသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် ညောင်တုန်းလမ်း ဓမ္မရုံအတွင်း၌ အေးကို (ဘ) ဦးမြင့်ဇော်အပါအဝင် အမျိုးသားရှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့အား လေသေနတ် တစ်လက်၊ ဓားရှစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အင်းတော်မြို့နယ် အောင်ဇေယျရပ်ကွက်ရှိ ရေတွင်းကုန်းဘုန်းကြီးကျောင်းရှေ့၌ ညဏ်မောင် (ဘ)ဦးရွှေဖိတ်နှင့် ကျော်စိုးဦး (ဘ) ဦးကျန်အောင်တို့နှစ်ဦးအား လက်လုပ်မိုင်းလေးလုံး၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ပင်လည်ဘူးမြို့ မြို့မရပ်ကွက် ကျန်စစ်သားလမ်း၌ ဆူပူအကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသားနှစ်ဦးအားလည်းကောင်း၊ မြို့မရပ်ကွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်၊ လေသေနတ်များဖြင့် ရန်ပြုတိုက်ခိုက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတို့အားလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ညည ၃၄/၃၇လမ်းနှင့် (၅၅) လမ်းနှင့် (၅၆) လမ်းကြား၊ မင်းကြီးရန်နောင် (၁၂၀) လမ်းရှိ ရဲမြင့်ဦး(ခ)ဖိုးသား (ဘ)ဦးခင်မောင်လတ်အား နေအိမ်၌ ဒူးလေးနှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ (၄၁)လမ်းနှင့် လမ်း (၉၀) ထောင့်၌ မသင်္ကာဖွယ်ရာဆိုင်ကယ်တစ်စီးအားရပ်တန့်ရှာဖွေစစ်ဆေးရာ စည်သူအောင်(ဘ)ဦးကျော်မြင့်ဆွေနှင့် ကျော်ရဲအောင်(ဘ) ဦးညီညီမျိုးတို့ နှစ်ဦးအား ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ် လွင်ပင်ကုန်းကျေးရွာရှိ ဘိုဌေး (ဘ) ထွန်းဇော်ဦး နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများအားလည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရန် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဆူပူအကြမ်းဖက်သူများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး

နေပြည်တော် မေ ၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် သမိုင်း(၁၀)လမ်းထောင့်ရှိ ရေမြောင်းအတွင်း၌ မေ ၃ ရက် နံနက် ၉ နာရီခန့်တွင် အမည်မသိ အမျိုးသမီးအလောင်းတစ်လောင်းအား တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ သေဆုံးသူမှာ အသက် ၄၀ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးဖြစ်ပြီး ပြင်ပထိုးသွင်းဒဏ်ရာမရှိဘဲ မျက်နှာဖူးရောင်ဒဏ်ရာ၊ ဝဲဘက်ခြေမဘေးပြတ်ရှဒဏ်ရာများနှင့်အတူ နဖူးပေါ်မှ ဆံပင်များရိတ်ထားခြင်း၊ ခြေထောက်နှစ်ဖက်အား စက်ဘီးကျွတ်တာယာဖြင့်ချည်ထားခြင်း၊ လက်နှစ်ဖက်အား ပလတ်စတစ်ကြိုးဖြင့် ချည်နှောင်ထားခြင်း၊ ပါးစပ်အား စက်ဘီးတာယာဖြင့် ပိတ်ဆို့ချည်နှောင်ထားကြောင်း တွေ့ရှိရသည်။ အဆိုပါ အမျိုးသမီးအလောင်းအား လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၅၃) လမ်းနှင့် မနော်ဟရီလမ်းထောင့်၌ မေ ၄ ရက် ည ၈ နာရီ မိနစ် ၄၀ ခန့်တွင် အမည်မသိအမျိုးသမီးငယ်တစ်ဦး လမ်းပေါ်တွင် ဝမ်းလျားမှောက်လဲကျနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအမျိုးသမီး၏ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာဘက်လက်ကောက်ဝတ်တွင် ကြိုးဖြင့် ချည်နှောင်ထားသည့် အညိုအမည်းစွဲပွန်းပွဲဒဏ်ရာများ၊ လက်ဆစ်များ၊ ခြေဆစ်များနှင့် ဝဲဘက်ခြေမတို့တွင် ညိုမည်းစွဲပွန်းပွဲဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသည်။ အဆိုပါအမျိုးသမီးအလောင်းနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် (၄၅) လမ်းနှင့် (၁၁၇) လမ်းထောင့်တွင် နေထိုင်သူ မထက်ထက်ဝင်း(၁၉) နှစ်(ဘ)ဦးဖြူဖြစ်ကြောင်း သိရှိရသည်။

အထက်ဖြစ်စဉ်များတွင် သေဆုံးသူအမျိုးသမီးအလောင်းများအား သက်ဆိုင်ရာရဲစခန်း၌ သေမှုသေခင်းဖွင့်လှစ်ထားရှိကြောင်းနှင့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ သွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ဖျက်ဆီးမယ့် စီမံကိန်းအရ ဆူပူဆန့်ကျင်ရမယ့် သူတို့ လှုပ်ရှားမှုမှာ ဂိမ်းကစားသလို ထင်မှတ်ကာ ပါဝင်လိုကြတယ်။ သတိထားပါလေ။**

# အများပြည်သူပိုင် နေအိမ်အဆောက်အဦများနှင့် နိုင်ငံတော်ပိုင်အဆောက်အဦများကို ဆူပူအကြမ်းဖက်သူလူတစ်စုက ဖျက်ဆီး

**နေပြည်တော် ဧပြီ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ ညောင်ကုန်း(၅) ရပ်ကွက်နေ ဦးမြတ်ကျော်(စစ်မှုထမ်းဟောင်း)၏ နေအိမ်ခြံဝင်းအတွင်းသို့ ဧပြီ ၃ ရက် ည ၇ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူတစ်ဦးက ဆိုင်ကယ်မောင်းနှင်၍ သံပိုက်ဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်း တစ်လုံးဖြင့် လာရောက်ပစ်ခတ်မောင်းနှင်ထွက်ပြေးသဖြင့် နေအိမ်ရှေ့တွင် ရပ်ထားသည့် စူပါကာစတန်ယာဉ်အနီး ကျရောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ ယာဉ်၏ ယာဘက်ခြမ်း အရှေ့တံခါးမှန်အောက်တွင် မိုင်းစထိမှန်ခဲ့ပြီး လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ဧပြီ ၄ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သုမင်္ဂလာလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ကို ဆူပူအကြမ်းဖက်သူ နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မီးလောင်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ ဘဏ်၏အရှေ့ဘက်၌ ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့်ပစ္စည်း ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

ထို့ပြင် ဧပြီ ၄ ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်တွင် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၀ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်နေစဉ် ည ၈ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသတ်ခြင်းဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များကို အောင်ပိုင်ထွေး(ခ)အောင်ပိုင် (ဘ)ဦးဇော်ညွှန့် ဆိုသူက ၎င်းစီးနင်းမောင်းနှင်လာသည့် TOYOTA Mark-II ယာဉ်ဖြင့် ဝင်ရောက်ပွတ်တိုက် မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ ယာဉ်ပေါ်တွင် မီးရှို့ရန် အဝတ်စဖြင့် အသင့်ပြုလုပ်ထားသော ဓာတ်ဆီပုလင်းအကွဲ နှစ်လုံး၊ အကောင်းသုံးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင် သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။



**မီးလောင်ပျက်စီးဆုံးရှုံး**

အလားတူ ဧပြီ ၄ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် မွန်ပြည်နယ် ရေးမြို့နယ် သီရိခေမာရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို ဆူပူအကြမ်းဖက်သူတစ်ဦးက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ရာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ရုံးစားပွဲ တစ်လုံး၊ ထိုင်ခုံ တစ်လုံးနှင့် အခြားစာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

ထို့အတူ ဧပြီ ၄ ရက် ည ၁၀ နာရီ ၈ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၂)ရပ်ကွက် ရွှေပြည်သာ(၂)လမ်းနှင့် ဘုရင့်နောင်လမ်းဆုံရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆယ်တင်ခြင်းများ ဆောင်ရွက်ခဲ့ရာ အဆောက်အဦ၏ ၁၀ ရာခိုင်နှုန်းခန့် မီးလောင်ပျက်စီးခဲ့ပြီး အဆောက်အဦအတွင်းမှ (၃၂)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ မောင်ဦး (ဘ)ဦးခင်သန်းမှာ မီးလောင်သေဆုံးလျက်ရှိကြောင်း တွေ့ရှိရပြီး သေမှုသေခင်း ဖွင့်လှစ်လျက်ရှိကြောင်းနှင့် မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများ၊ နိုင်ငံတော်ပိုင်အဆောက်အဦများနှင့် အများပြည်သူနေအိမ်များကို အကြမ်းဖက်လုပ်ရပ်များကို ဦးဆောင်လုပ်ဆောင်သူများနှင့် ပါဝင်ပတ်သက်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများစုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူသယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ဖူးမြော်နိုင်ပြီ ပဲခူးမြို့နယ်အတွင်းမှ ရွှေတိဂုံလေးဆံတော်ရှင်စေတီ

တင်စိုး(ပဲခူး)

သမိုင်း၏တန်ဖိုးကို နားလည်သူတိုင်းသည် သမိုင်းကို မြတ်မြတ်နိုးနိုး တန်ဖိုးထားကြသည်။ မည်သည့်အရာမဆို သမိုင်းရှိမှ တန်ဖိုးလည်းရှိမည်။ သမိုင်းမဲ့လျှင် တန်ဖိုးလည်းမဲ့မည်သာ ဖြစ်သည်။

### ဆံတော်မြတ်သုံးဆူ ဌာပနာ

မြန်မာနိုင်ငံတစ်ဝန်း ဗုဒ္ဓဆံတော်ရှင်စေတီ အများအပြားရှိသည့်အထဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ ရွှေတိဂုံလေးစေတီတော် မြတ်ကြီးတစ်ဆူလည်း အပါအဝင်ဖြစ်သည်။ ဆံတော်ရှင်စေတီဆိုသည်မှာ မြတ်စွာဘုရားရှင်၏ ဆံတော်မြတ်များကို ဌာပနာသွင်းတည်ထား ကိုးကွယ်သောကြောင့် ဆံတော်ရှင်စေတီဟူ၍ နာမဝိသေသဖြင့် ဘွဲ့တော်သမုတ်ကြခြင်းဖြစ်သည်။ ရွှေတိဂုံဟု ဘွဲ့တော်အမည်တွင်ခြင်းသည် မြတ်စွာဘုရားရှင်၏ ဆံတော်မြတ်သုံးဆူ ဌာပနာ ကိန်းဝပ်စံပျော်သော စေတီတော်မြတ်ဖြစ်သော ကြောင့် ဖြစ်သည်။

ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းမြေမြတ်တွင် တည်ထားကိုးကွယ်သော စေတီတော်မြတ်သည် ပွင့်တော်မူပြီးသော မြတ်စွာဘုရားရှင်လေးဆူ ဖြစ်သည့် ကကုသန်ဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂုံဘုရားရှင်၏ ရေစစ်တော်၊ ကဿပ ဘုရားရှင်၏ ရေသနုပ်တော်၊ ဂေါတမဘုရားရှင်၏ ဆံတော်မြတ်တို့ ကိန်းဝပ်စံပျော်တော်မူသည့် စေတီတော်ဖြစ်သဖြင့် လေးဆူဓာတ်ပုံရွှေတိဂုံဟူ၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ကြည်ညိုသဒ္ဓါ ပွားများခေါ်ဝေါ်ကြသည်။ ရန်ကုန်မြို့တွင် ရွှေတိဂုံ စေတီတော်ကြီးရှိပြီးဖြစ်သဖြင့် ယခုပဲခူးမြို့နယ် အတွင်းရှိရွှေတိဂုံလေးစေတီတော်မြတ်သည်လည်း မြတ်ဗုဒ္ဓ၏ဆံတော်သုံးဆူ ကိန်းဝပ်စံပျော်တော်မူ သောကြောင့် ရွှေတိဂုံလေးဟု ဘွဲ့တော်ပူဇော်ခြင်း ဖြစ်ကြောင်း သိရသည်။

ဆံတော်ရှင်ရွှေတိဂုံလေးစေတီတော်မြတ် ကြီးသည် ပဲခူးမြို့၏တောင်ဘက်တွင်တည်ရှိပြီး ပဲခူးမြို့နှင့် ငါးမိုင်ခန့်အကွာ၊ သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကြီးကျေးရွာနှင့် နှစ်မိုင်ခန့်အကွာ အဝေးတွင် တည်ရှိကြောင်း သိရသည်။ ရွှေတိဂုံ လေးစေတီတော်မြတ်ကြီးသည် ပဲခူးမြို့နယ် အပိုင်ဖြစ်သော်လည်း သနပ်ပင်မြို့နယ်အပိုင် ကျိုက်ပဒိုင်ကြီးကျေးရွာနှင့်နီးသောကြောင့် ကျိုက် ပဒိုင်ရွှေတိဂုံလေးစေတီတော်ဟူ၍ အများသိကြ ခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁ဝ၃ ခုနှစ် ကဆုန်လပြည့် သောကြာနေ့တွင် သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားထင်ထင်သိမြင် တော်မူသည့် ဘုရားစင်စစ် ဧကန်ဖြစ်တော်မူ၏။ ဘုရားဖြစ်ပြီးသောအခါ ပထမဝါကို ဗာရာဏသီပြည် မိဂဒါဝုန်တောၚ်လည်းကောင်း၊ ဒုတိယဝါမှသည် စတုတ္ထဝါအထိကို ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း တော်၌လည်းကောင်း ဝါဆိုဝါကပ်တော်မူသည်။



ငါးဝါမြောက် ပဉ္စမဝါကို ဝေသာလီပြည် မဟာဝုန် တော၌ ဝါဆိုဝါကပ်တော်မူ၏။

ထိုငါးဝါမြောက်တွင် ဂန္ဓဝါရီရှင်ရသေ့သည် မြတ်စွာဘုရားရှင်အား ဖူးမြော်ခွင့်ကြုံခဲ့သည်။ ဖူးမြော်ခွင့်ရရှိသောအချိန်၌ ဂန္ဓဝါရီရှင်ရသေ့သည် မြတ်စွာဘုရားရှင်အား ဤသို့လျှောက်ထားလေသည်။ "သစ္စာလေးပါးမြတ်တရားတော်ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား တပည့်တော် ဂန္ဓဝါရီရသေ့အား အစဉ်သနားတော်မူသောအားဖြင့် ပူဇော်ကိုးကွယ်ရာကို ပေးသနားတော်မူပါဘုရား" ဟု လျှောက်ထားသည်။ မြတ်စွာဘုရားရှင်သည် ဂန္ဓဝါရီရသေ့အား သနားတော်မူသဖြင့် အရှည်သဖြင့် ပူဇော်ကိုးကွယ်ရလေအောင် ဆံတော်မြတ်သုံးဆူကို ပေးသနားတော်မူလေသည်။ ဂန္ဓဝါရီရသေ့သည် မြတ်စွာဘုရားရှင်ထံတော်မှ ဆံတော်မြတ်သုံးဆူကို ရရှိတော်မူသော်လည်း သူတစ်ပါးတည်းမကိုးကွယ်လို၊ သူဖူးရသလိုပင် သတ္တဝါဝေနေယျအပေါင်းတို့အား လည်း ဖူးမြင်စေလိုသည်။ ဗုဒ္ဓဘုရားရှင်၏ ဆံတော်အစစ်ဖြစ်သည့်အတွက် ဖူးမြင်ရသူတို့အဖို့ ဝို၍အကျိုးရှိမည်ဟူ၍ တွေးမိသည်၊ ထေရဝါဒဗုဒ္ဓ မြတ်စွာ၏ သာသနာတော်အရှည်တည်တံ့ရေး အတွက်သည် အဓိကဖြစ်သည်။

ထို့ကြောင့် ဂန္ဓဝါရီရသေ့သည် မဟာသက္ကရာဇ် ၁ဝ၈ ခုနှစ်တွင် ရွှေရောင်အဆင်းရှိသော သုဝဏ္ဏပဗ္ဗတ တောင် ယခု ရွှေတိဂုံလေးစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်သည့် တောင်ကုန်း၌ ဆံတော် မြတ်သုံးဆူကို မိမိတစ်နိုင်တစ်ပိုင်သယ်ယူနိုင်သော အုတ်ကျောက်တို့ဖြင့် ဖုံးအုပ်ဖုံးလွှမ်း၍ စေတီအလား တည်ထားကိုးကွယ်လေသည်။ ဖျက်ဆီးမည့်သူများ ၏ အန္တရာယ်အသွယ်သွယ်မှလည်း ကင်းလွတ်အောင် ဆံတော်မြတ်သုံးဆူကို လုံခြုံစိတ်ချရလေအောင် စီမံဆောင်ရွက်ထားရှိသည်။

### ပြန်လည်ပြုပြင်

ထိုမှတစ်ဆင့် သက္ကရာဇ် ၂၆၄ ခုနှစ်တွင် ဟံသာဝတီထီးနန်းစိုးစံခဲ့သော ဂိန္နရာဇာမင်းသည် တိုင်းပြည်ကို အုပ်ချုပ်ရာတွင် မင်းကျင့်တရား ၁၀ ပါးနှင့်အညီ အုပ်ချုပ်သောမင်းဖြစ်သည့်အပြင် ဘာသာရေး၌လည်း အလေးထားသောမင်း ဖြစ်သည်။ ဂိန္နရာဇာမင်းသည် နန်းတက်ပြီးသုံးလ အကြာတွင် ဟံသာဝတီ နေပြည်တော်တစ်ခွင် မှူးကြီးမတ်ရာပညာရှိများ၊ စစ်သေနာပတိအပါအဝင် စစ်သည်တော်များလိုက်ပါလျက် တိုင်းခန်းလှည့် လည်တော်မူရာ သုဒဿနတောင်ကုန်းထက်တွင် တည်ထားကိုးကွယ်တော်မူသော ဆုတောင်းပြည့် ဆံတော်နှစ်ဆူ ကိန်းဝပ်တော်မူသည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး ပျက်စီးယိုယွင်းနေသည်ကို တွေ့ရသဖြင့် ပျက်စီးယိုယွင်းနေသည်များကို ပြန် လည်ပြုပြင်ခဲ့သည်။

ထို့နောက် တံတိုင်းအနောက်မျက်နှာစာတွင် ၁၂ တာခန့်ပျက်စီးနေသည်များနှင့် တံတိုင်းလေး မျက်နှာတို့ကို အရှည်တည်တံ့ခိုင်မြဲအောင် ပြုပြင် ခဲ့သည်။ ဆက်လက်၍ ဂိန္နရာဇာမင်းသည် ဟံသာ ဝတီ(ပဲခူး) နေပြည်တော်ကြီးအား လှည့်လည် ကြည့်ရှုတော်မူရင်း မြို့တော်၏တောင်ဘက်ယွန်းယွန်း သို့ ချီတက်တော်မူရာ ဟံသာဝတီနှင့် အတန်ငယ် ဝေးသည့် သုဝဏ္ဏပဗ္ဗတတောင်သို့ ရောက်ရှိတော်မူ ခဲ့သည်။

သုဝဏ္ဏပဗ္ဗတတောင်နှင့် ဝန်းကျင်သည် သစ်တော၊ ဝါးတောများဖြင့် အလွန်သာမောဖွယ် ကောင်းသလို တာတာတီတီကျေးငှက်တို့၏ မြည်သံ ကလည်း စိတ်ကြည်နူးဖွယ်ရာ ကောင်းလှသည်မို့ ဂိန္နရာဇာမင်းသည် ထိုနေရာကို အလွန်နှစ်သက် တော်မူသည်။ သူ၏စိတ်ထဲတွင်လည်း ဤသုဝဏ္ဏ ပဗ္ဗတတောင်သည် ထူးခြားသောတောင်မြတ်ဖြစ် လိမ့်မည်ဟု ယုံကြည်နေသောကြောင့် ရှေးဟောင်း အက္ခရာတင်ထားသည့် အမှတ်အသားများကို ရှာဖွေသည့်အခါ ဂဝံပတိရဟန္တာမထေရ်မြတ် အက္ခရာတင်ထားသည့် စာဟောင်းကို ရှာဖွေ တွေ့ရှိရလေသည်။

ထိုစာဟောင်း၏အဆိုအရ မြတ်စွာဘုရားရှင်၏ ဆံတော်မြတ်သုံးဆူကို ဂန္ဓဝါရီရှင်ရသေ့ ရရှိတော် မူပြီး ၎င်းဆံတော်သုံးဆူအား သုဝဏ္ဏပဗ္ဗတ တောင်၏ အစွန်းဖြစ်သော အရှေ့တောင်ဘက်တွင် ခြင်းလုံးခန့် ပမာဏရှိ ကျောက်တုံးများဖြင့် ကျောက်ပုံစေတီတည်၍ ဌာပနာထားကြောင်း ဖတ်ရှုရသည်။ ဂိန္နရာဇာမင်းသည် စာဟောင်းပါ အတိုင်း ရှာဖွေကြသည့်အခါ ဆံတော်မြတ်သည် ဂဝံပတိရဟန္တာအရှင်မြတ် ညွှန်ပြထားသည့်နေရာ တွင် ဖူးမြော်တွေ့ရှိရလေသည်။ သုဝဏ္ဏတောင်၏ အရှေ့တောင်ဘက်ထိပ်စွန်းတွင် အုတ်ကျောက် တို့ဖြင့် ဆံတော်မြတ်သုံးဆူအား ဖုံးအုပ်လျက် စေတီတော်အား ဖူးမြော်ရသဖြင့် ဂိန္နရာဇာမင်း ကြီးသည် အကြိမ်ကြိမ်ဖူးမြော်မဝနိုင်အောင်ပင် ကြည်နူးဝမ်းမြောက်တော်မူလေသည်။

### ရွှေထီးတော်ကို အထွတ်တင်လှူဒါန်း

ထို့နောက်ဂိန္နရာဇာမင်းကြီးသည် အဂ္ဂမဟေသီ မိဖုရားကြီးနှင့်တကွ သားတော်၊ သမီးတော်များ၊ ညီတော်၊ နှမတော်များ၊ မောင်းမမိဿံများ၊ ဝန်ကြီး၊ ဝန်ငယ်များ၊ မှူးမတ်များ၊ စစ်သည်တော်များပါမကျန် ဆံတော်မြတ်တည်ရှိရာ သုဝဏ္ဏပဗ္ဗတတောင်သို့ ခေါ်၍ မိမိနှင့်အတူ အားလုံးကုသိုလ်ရကြအောင် စေတီတော်ပရိဝုဏ်တစ်ဝိုက် ရှင်းလင်းခြင်း၊ စေတီဟောင်းကိုငုံ၍ ဉာဏ်တော်အမြင့် ခုနစ် တောင်ရှိ စေတီမြတ်ကို စုပေါင်းတည်ကြပြီး စေတီ တော်မြတ်အား ကြည်ညိုဖွယ်ဖြစ်အောင် ချရား သီးမှသည် ဖိနပ်တော်အထိ ငွေသားစစ်စစ်ကို အပြားခတ်ကာ ကွပ်တော်မူသည့်အပြင် ရတနာ ခုနစ်ပါးစီခြယ်သည့် ရွှေထီးတော်ကို အထွတ် တင်လှူဒါန်းတော်မူခဲ့သည်။

ဂိန္နရာဇာမင်းသည် ဗုဒ္ဓသာသနာပြုမင်း တစ်ပါးဖြစ်သည်နှင့်အညီ ဆံတော်မြတ်အား ဖူးမြော်ကြည်ညိုရသည့် သဒ္ဓါပီတိအရှိန်သည် တထိန်ထိန်တလှပ်လှပ် မနေခြတ်ဖြင့် ရွှေထီး တော်တင်လှူပွဲကြီးတွင် ဟံသာဝတီ နေပြည်တော် ၌ သီတင်းသုံးတော်မူသည့် သံဃာတော်အပါး ၁၀၀၀ အား ပင့်ဖိတ်၍ ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းခြင်းအပြင် ရဟန်းတို့ သုံးဆောင် အပ်သော ပရိက္ခရာရှစ်ပါးကိုလည်း လှူဒါန်းတော် မူခဲ့သည်။

သုဝဏ္ဏပဗ္ဗတတောင်သည် ယခင်ထက်ပို၍ ထူးခြားခဲ့လေပြီ။ ဘုရားဖူးများဖြင့်လည်း စည်ကား လျက်ရှိလေသည်။ ယခင်က ဒီတော၊ ဒီတောင်သည် တောကောင်၊ သားကောင်များ ပေါများသဖြင့် တောလိုက်မုဆိုးများ ကျက်စားရာတောင်ကုန်း တစ်ခုဟုသာ မှတ်သားထားကြသည်။ ဂိန္နရာဇာမင်း လက်ထက်တော်ကျမှ ဗုဒ္ဓဘုရားရှင်၏ ဆံတော် မြတ်သုံးဆူ ကိန်းဝပ်စံပျော်သည့် တောင်ကုန်းမြတ် ဆိုသည်ကို ဟံသာဝတီပြည်သားများ သိကြရလေ သည်။ ရတနာခုနစ်သွယ်စီခြယ်ထားသည့် ရွှေထီးတော်မြတ် အထွတ်တင် လှူဒါန်းပြီးသော အခါ စေတီတော်မြတ်မှ ခုနစ်ရက်၊ ခုနစ်လ နေ့၊ ညမပြတ် ရောင်ခြည်တော်မြတ် ကွန့်မြူးတော်မူ ကြောင်း သိရသည်။ စာမျက်နှာ ၂၅ သို့ ■

စာမျက်နှာ ၂၅ သို့

- ❖ ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်ကြီးရှိပြီးဖြစ်သဖြင့် ယခုပဲခူးမြို့နယ်အတွင်းရှိ ရွှေတိဂုံလေးစေတီတော်မြတ်သည်လည်း မြတ်ဗုဒ္ဓ၏ဆံတော်သုံးဆူ ကိန်းဝပ်စံပျော်တော်မူသောကြောင့် ရွှေတိဂုံလေးဟု ဘွဲ့တော်ပူဇော်ခြင်းဖြစ်။
- ❖ ဆံတော်ရှင်ရွှေတိဂုံလေးစေတီတော်မြတ်ကြီးသည် ပဲခူးမြို့၏တောင်ဘက်တွင်တည်ရှိပြီး ပဲခူးမြို့နှင့် ငါးမိုင်ခန့်အကွာ၊ သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကြီးကျေးရွာနှင့် နှစ်မိုင်ခန့်အကွာအဝေးတွင် တည်ရှိ။ ရွှေတိဂုံလေးစေတီတော်မြတ်ကြီးသည် ပဲခူးမြို့နယ် အပိုင်ဖြစ်သော်လည်း သနပ်ပင်မြို့နယ်အပိုင် ကျိုက်ပဒိုင်ကြီးကျေးရွာနှင့်နီးသောကြောင့် ကျိုက်ပဒိုင် ရွှေတိဂုံလေးစေတီတော်ဟူ၍ အများသိကြခြင်းဖြစ်။

# တောင်ကြီးမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



တောင်ကြီး ဧပြီ ၅

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (၂) ဦးခွန်သိန်းမောင်က မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရှမ်းပြည်နယ်အနေဖြင့် ကျင်းပမည်ဖြစ်၍ အားလုံးဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် နှစ်ဟောင်းမှ အညစ်အကြေးများကို နှစ်သစ်တွင် ဆေးကြောသွားမည်ဖြစ်သည့်အတွက် ပျော်ရွှင်ပွဲရေကစားခြင်းကို ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးဝင်းအတွင်း ကျင်းပမည်ဖြစ်ကြောင်း၊ နှစ်သစ်တွင် ကောင်းမှုကုသိုလ်များဖြစ်သည့် သံဃာတော်များ ကန်တော့ခြင်း၊ သက်ကြီးဘိုးဘွားများ ကန်တော့ခြင်းနှင့် နှစ်ဆန်း (၁) ရက်နေ့တွင် ငါးမွေ့ငါးလွှတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဟာသင်္ကြန် ကာလတွင် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးဝင်းတွင် ကျင်းပသွားမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနအသီးသီးမှ ပေါင်းစပ်ညှိနှိုင်းပြီး ပါဝင်ဆောင်ရွက်ပေးကြရန်နှင့် ပွဲတော်ကာလအတွင်း ငြိမ်းချမ်းသာယာစွာနှင့် လစ်ဟင်းမှုမရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးနေလင်းက မဟာသင်္ကြန်ပွဲတော်အတွက် ဖျော်ဖြေရေးမဏ္ဍပ်၊ ဧည့်ခံကျွေးမွေးရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ် ကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက တင်ပြဆွေးနွေးကြကာ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၂) ဦးခွန်သိန်းမောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

## ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခု ဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများဖြစ်ရပါမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

( ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြားစွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြုအာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့်အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကိုအသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက်အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

■ စာမျက်နှာ ၂၄ မှ

ဂိန္နရာဇာမင်းသည် စေတီတော်အား အသစ်ထပ်မံ၍ တည်ထားကိုးကွယ်ခြင်း၊ ရွှေထီးတော်တင်ခြင်း၊ သံဃာတော်အရှင်မြတ်အပေါင်းအား ဆွမ်းဘောဇဉ် ဆက်ကပ်လှူဒါန်းခြင်းအပြင် ဤစေတီ၊ ဤတောင်ကုန်းတော်တွင် အစွန့်ရှည်ကြာစွာ တည်ထားကိုးကွယ်နိုင်ရေး တည်နေရာ သာသနာမြေအကျယ်အဝန်းနှင့် ပတ်သက်၍လည်း နောင်သောကာလတွင် အငြင်းမပွားနိုင်ရေးတို့ကို မြော်တွေးလျက် စေတီတော်မြတ်တည်ရှိရာ သုဝဏ္ဏပဗ္ဗတတောင်မြတ်ကို ဗဟိုပြု၍ စေတီတော်မြတ်၏ သာသနာ့ဝတ္တကမြေအဖြစ် အရှေ့ကိုတာ ၄၀၀၊ အနောက်ကို တာ ၃၀၀၊ တောင်ကိုတာ ၄၀၀၊ မြောက်ကို တာ ၅၀၀ လေးရပ်အကျယ်အဝန်းတာပေါင်း ၁၆၀၀ အား သတ်မှတ်လှူဒါန်းတော်မူခဲ့ကြောင်း သိရသည်။

ဆံတော်ရှင်ရွှေတိဂုံလေး စေတီတော်မြတ်သည် ပထမဟံသာဝတီခေတ် ဂိန္နရာဇာမင်းလက်ထက်တွင် ဉာဏ်တော်အမြင့် ခုနစ်တောင်ရှိ စေတီတော်အဖြစ် တည်ထားကိုးကွယ်ခဲ့ပြီး ဒုတိယဟံသာဝတီခေတ်မင်း ၁၁ ဆက်၊ တတိယဟံသာဝတီခေတ် မင်း ၁၉ ဆက် ကုန်ဆုံးသည့်တိုင် နောက်ထပ်ပြုပြင်မွမ်းမံမည့်သူမရှိဘဲ ဉာဏ်တော်ခုနစ်တောင်ဖြင့်သာ စံတော်မူခဲ့ရပြီး လန္ဒီပေသလ သိက္ခာကာမဝိနယဂရုက ဖြစ်တော်မူသော ကာလိပ္ပတံလက်ပံဖြူဆရာတော်ကြီးက စေတီတော်မြတ်အား သဒ္ဓါကြည်ညိုစိတ်ဖြင့် စေတီအနီးပတ်ဝန်းကျင်ရှိ ကျေးရွာသူကျေးရွာသားများအား တရားဓမ္မများ ဟောကြားစည်းရုံးကာ ရွှေတိဂုံလေးစေတီတော်မြတ်အား မယိုယွင်းမပျက်စီးဘဲ အရှည်တည်တံ့ရန် ပြုပြင်ထိန်းသိမ်းပြီး ဉာဏ်တော်အမြင့် အတောင် ၈၀ ထိ တစ်ဆင့်မြှင့်ကာ ပြုပြင်တည်ထားကိုးကွယ်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၆၈ ခုနှစ် ကျိုက်ပဒိုင်ကြီးကျေးရွာဇာတိဖြစ်သည့် ဆရာတော်ဦးပညာဝံသက လည်းကောင်း၊ ၁၃၃၇ ခုနှစ်တွင် ဆရာတော်ဦးခေမာဝံသကလည်းကောင်း၊ ၁၃၄၅ ခုနှစ်တွင် ဆရာတော်ဘဒ္ဒန္တမွေသာရ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကလည်းကောင်း အဆင့်ဆင့်လက်ဆင့်ကမ်း သာသနာပြုကြရင်း ဆံတော်ရှင်ရွှေတိဂုံလေးစေတီတော်မြတ်အား ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားအားထုတ်ဆောင်ရွက်တော်မူခဲ့ကြကြောင်း သိရသည်။

ဆံတော်ရှင်ရွှေတိဂုံလေးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ စေတီတော်ကြီးသို့ လာရောက်ဖူးမြော်မည့်သူများအနေဖြင့် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်၊ ဆံတော်တွင်းလမ်းမကြီးအတိုင်း၊ စေတီတော်အထိ ကွန်ကရစ်လမ်းအတိုင်း ကား၊ ဆိုင်ကယ်၊ စက်ဘီးခြေကျင်စသည်တို့ဖြင့် လာရောက်ဖူးမြော်နိုင်ကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။ ။

ကိုးကား- စာရေးဆရာ မိုးမြင့်လွင် ရေးသားထားသည့် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဆံတော်ရှင် ကျိုက်ပဒိုင်ရွှေတိဂုံလေးစေတီတော် စာအုပ်မှ မှီငြမ်းရေးသားထားပါသည်။

ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# ဒလမြို့နယ်၌ အဝေးပြေးယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲမှုကြောင့် ခရီးသည်များ သွားလာရေးအဆင်ပြေချောမွေ့

**ရန်ကုန် ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အဝေးပြေးကားဝင်း၌ ဧရာဝတီတိုင်းဒေသကြီးအခြေပြု ပြေးဆွဲပေးနေသော အဝေးပြေးယာဉ်လိုင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး အခြေပြု ပြေးဆွဲပေးနေသော ယာဉ်လိုင်းများအနေဖြင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွား မိဘပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ယာဉ်အစီးရေများများဖြင့် ပြန်လည်ပြေးဆွဲ



ပေးလျက်ရှိရာ ခရီးသည်များ သွားလာရေးအဆင်ပြေလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ဒလမြို့နယ်ရုံးခွဲမှ သိရသည်။

ထိုသို့ပြေးဆွဲရာတွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းသို့ အခြေပြု ပြေးဆွဲပေးနေသော ထက်အောင်ကျော် ယာဉ်လိုင်းအနေဖြင့် ဒလ-မော်ကျွန်းခရီးစဉ် ခရီးမိုင် ၉၃ မိုင်၊ ပိုင်ဧရာ ယာဉ်လိုင်းအနေဖြင့် ဒလ-ကျိုက်လတ် ခရီးစဉ် ခရီးမိုင် ၇၄ မိုင်၊ ရွှေသူဌေး ယာဉ်လိုင်းအနေဖြင့် ဒလ-ဖျာပုံ ခရီးစဉ် ခရီးစဉ် ၆၂ မိုင် တို့သို့ ခရီးသည်များ အဆင်ပြေစေရေးအတွက် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး အခြေပြု၍ ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်းမြို့နယ်များနှင့် လှိုင်သာယာမြို့နယ်တို့သို့ ပြေးဆွဲပေးနေသော YBS 47၊ YBS 48၊ YBS 49၊ YBS 50 ယာဉ်များအနေဖြင့် နေ့စဉ် ကားလေးအစီးရေ ၁၂၀ နှင့် ၁၃၀ ခန့် ထိ၊ မိုက်ခရိုဘတ်(စ်)ကားအစီးရေ ၁၀ ကျော်ခန့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ အေးချမ်းတည်ငြိမ်မှုနှင့် ခရီးလမ်းများ ပြန်လည်ပွင့်လာခြင်းကြောင့် ယာဉ်လိုင်းအချို့ ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း (YRTA) ဒလမြို့နယ်ရုံးခွဲမှ တာဝန်ရှိသူတစ်ဦး ထံမှ သိရသည်။

" ကျွန်တော်တို့ ဖေဖော်ဝါရီလပိုင်းက အနည်းငယ် ပြေးဆွဲခဲ့ရတယ်၊ မတ်လပိုင်းမှာ လမ်းတွေပြန်လည်ပွင့်လာတော့ ပြေးဆွဲမှု နည်းနည်းများလာတယ်၊ ခုဧပြီလ သင်္ကြန်တွင်းကတော့ အိမ်ပြန်ကြတဲ့သူတွေ ရှိလာတဲ့အတွက် သွားလာရေး အဆင်ပြေအောင် ပြေးဆွဲပေးသွားမှာပါ " ဟု ဧရာဝတီတိုင်းဒေသကြီး အခြေပြု ပြေးဆွဲနေသောယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

လက်ရှိအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းများအနေဖြင့် တစ်ရက်ပျမ်းမျှ ခရီးသည် ၁၀၀ ကျော်နှင့် ရန်ကုန်တိုင်းအခြေပြု၍ ပြေးဆွဲပေးသော ယာဉ်လိုင်းများအနေဖြင့် ခရီးသည် ၄၀၀ နှင့် ၅၀၀ကြား ပြေးဆွဲပို့ဆောင်ပေးမှုနှင့် ခရီးသည်များ အဆင်ပြေစေရေးအတွက် ယာဉ်များ တိုးမြှင့်ပြေးဆွဲပေးမှုကြောင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အဆင်ပြေချောမွေ့စွာ ကူးသန်း သွားလာလျက်ရှိကြောင်းသိရသည်။

ဒလမြို့နယ် အဝေးပြေးကားဝင်း၌ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အခြေပြု ပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၂၃ လိုင်းရှိပြီး ယာဉ်အစီးရေပေါင်း ၂၉၄ စီးရှိကြောင်းသိရသည်။

**နိုင်လင်းကျော်(IPRD)**

# မိုင်းဖြတ်၌ ကျောင်းဆောင်သစ်နှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဧပြီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်တည်ဆောက်ရေးကော်မတီဝင်များသည် ဧပြီ ၁ ရက် ၉ နာရီက အမက (ပါခုန်)ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်တည်ဆောက်ရေး ကော်မတီဝင်များဖြစ်ကြသည့် ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်ကိုကိုအောင် ၊ ဦးစီးအရာရှိ (မြို့ပြ) ဦးမြင့်ဇော်အောင်နှင့်ကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများက ငွေဘူးသီးကုမ္ပဏီက ခွင့်ပြုရန်ပုံငွေ ၅၃ ဒသမ ၃၈၀ သန်းဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၃၅ ဒသမ ၁၀၀ သန်းဖြင့်ဆောင်ရွက်သည့် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ RC တစ်ထပ်အမျိုးအစားရှိ အမက(ပါခုန်) ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ခွင့်ပြုရန်ပုံငွေ ၁၅၇ ဒသမ ၃၅၀ သန်းဖြင့် ငွေဘူးသီးကုမ္ပဏီက ဆောင်ရွက်သည့် အလျား၁၀၀ပေ၊ အနံပေ ၃၀ ရှိ RC နှစ်ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**



# မအူပင်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မအူပင် ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ် (၁) ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတွင် ဧပြီ ၃ ရက် နံနက် ၈နာရီကကျောင်း တွင်း/ ကျောင်းပြင်သန့်ရှင်းသာယာလှပရေးအတွက်သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းဆောင်ရွက်ရာနေရာသို့ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ခရိုင်ပညာရေးမှူးနှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများ ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း အင်အား ၁၈၀၀ ခန့်တို့ကစုပေါင်း၍အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း/ အပြင်များအား သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်နိုင်(မအူပင်)**

# ကျောင်းဆောင်သစ် ဆောက်လုပ်မည့် အခြေအနေ ကြည့်ရှုစစ်ဆေး

**ကျောင်းကုန်း ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် တက်ဆိပ်အုပ်စု ညောင်အိုင်အခြေခံအထက်တန်းကျောင်းရှိ အန္တရာယ်ရှိကျောင်းဆောင်ဖျက်သိမ်း၍ R C နှစ်ထပ်ကျောင်းဆောင် အသစ်ဆောက်လုပ်မည့်အခြေအနေကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းက မိမိတို့ဒေသတွင် ဆောက်လုပ်မည့် ကျောင်းဆောင်သစ်ကြီး အရည်အသွေးကောင်းရန်လိုကြောင်းနှင့် အဖွဲ့ဝင်များဖြစ်သော ဦးတင်မောင်နှင့် ဗိုလ်မှူးနေဝင်းနောင်တို့ကလည်း အရည်အသွေးပြည့်မီရေး ဝိုင်းဝန်းကြီးကြပ်ကာ လုပ်ဆောင်ကြစေလိုကြောင်း ပြောကြားခဲ့ကြသည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို အလျား ပေ ၁၃၀၊ အနံ ပေ ၃၀၊ R C နှစ်ထပ် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ချောင်ကြီး အခြေခံပညာ အထက်တန်းကျောင်းရှိ အန္တရာယ်ရှိ ကျောင်းဆောင် ဖျက်သိမ်း၍ အလျား ပေ ၁၂၀၊ အနံပေ ၃၀၊ R C နှစ်ထပ် အသစ်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မြိတ်မြို့နယ်တွင် စီးပွားဖြစ်အုတ်လုပ်ငန်းကို တွင်ကျယ်စွာလုပ်ကိုင်ကြသော်လည်း အုတ်ဈေးကွက်အတွင်း အရောင်းအဝယ်အေး



**မြိတ် ဧပြီ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် စီးပွားဖြစ်အုတ်လုပ်ငန်းများကိုတွင်ကျယ်စွာ လုပ်ကိုင်နေကြသော်လည်း အုတ်ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေကြောင်း အုတ်လုပ်ငန်းရှင်များထံမှ သိရသည်။

"လောလောဆယ် အုတ်တွေက အရောင်းအဝယ်သိပ်မရှိဘူး။ မနှစ်ကလောက် အရောင်းမသွက်ဘူး၊ အုတ်ဝယ်ယူသူတွေက သူတို့အသုံးပြုရာနေရာနဲ့ သယ်ယူတင်ပို့တာသက်သာတဲ့ နီးစပ်တဲ့နေရာကအုတ်ဖိုတွေကပဲဝယ်ယူကြတာများတယ်။ တချို့ကလည်း အုတ်အရည်အသွေးကောင်းရင် ဘယ်လောက်ဝေးဝေး အရည်အသွေးကောင်းတဲ့ အုတ်ဖိုတွေကပဲ ဝယ်ယူကြတယ်၊ ဒါကလည်း သုံးစွဲသူတွေကြိုက်နှစ်သက်ရာပေါ့၊ ကျွန်တော်တို့ဆီက အုတ်ဈေး အရအိမ်အရောက်ပို့ဈေး ဝေးရင်ဝေးသလို နီးရင်နီးသလို အုတ်တစ်လုံးကို ငွေကျပ် ၈၀နဲ့ ၈၅ ကျပ် ရောင်းချရပါတယ်'' ဟု သမုတ်ကျေးရွာမှ အုတ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မြိတ်မြို့နယ်၌ အုတ်လုပ်ငန်းရှင်အများစုသည် အုတ်လုပ်ငန်းများကို အောက်တိုဘာလဆန်းပိုင်းလောက်ကစပြီး အုတ်ကျင်းတူးခြင်း၊ အုတ်ပေါက်ခြင်း၊ အုတ်ပြားထုတ်လုပ်ခြင်းနှင့် အုတ်ဖိုမီးကင်အခြောက်ခံခြင်းတို့ကို လုပ်ကိုင်ကြပြီး အုတ်များကို နေအိမ်၊ အဆောက်အအုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ထုတ်လုပ်ရောင်းချကြကာ ဒေသတွင်းဝယ်ယူသူများနှင့် တခြားနေရာတို့မှ လာရောက်ဝယ်ယူသူများကို ရောင်းချကြရကြောင်း သိရသည်။

ယခုလက်ရှိတွင် အုတ်တစ်လုံးကို အိမ်အရောက်ပို့ဈေး ငွေကျပ် ၈၀၊ ၈၅ ကျပ် ဖြင့် ရောင်းချကြရသော်လည်း ဒေသအတွင်း ဝယ်ယူသူများကိုသာ အဓိကထား ရောင်းချနေရပြီးမြို့ပေါ်နှင့်တခြားနေရာတို့မှလာရောက်ဝယ်ယူသူနည်းပါးနေသည့်အတွက် အုတ်ဈေးကွက်အတွင်းအရောင်းအဝယ်အေးနေကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

## လှိုင်းဘွဲ့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**လှိုင်းဘွဲ့ ဧပြီ ၅**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို ယနေ့နံနက် ၈ နာရီက အောင်ဆန်းခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးရာတွင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များက အနီးကပ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ လူဦးရေ ၇၂၀ ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဧပြီ ၄ ရက်မှ စတင်ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ နိုင်ငံ့ဝန်ထမ်းများ၊ သံဃာတော်များ၊ အသက် (၆၅)နှစ်အထက် အဘိုးအဘွားများ၊ လူမှုရေးအသင်းများနှင့် ဒေသခံပြည်သူ ၁၂၀ တို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ချောင်းဆုံ ဧပြီ ၅**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ဆရာတော်သံဃာတော်များ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဧပြီ ၁ ရက် နံနက် ၉ နာရီက စတင်၍ ချောင်းဆုံ (အ.ထ.က) ကျောင်း သီရိရတနာခန်းမတွင် ကျန်းမာရေးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသူဇာဝင်းနှင့် ကျန်းမာရေး ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံဆောင်ရွက်ရာတွင် ဆေးမထိုးမီ ကျန်းမာရေး ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ကြပြီး ပုံမှန်အခြေအနေရှိမှသာ ကာကွယ်ဆေးကို ထိုးနှံပေးခဲ့ပြီး ဆေးထိုးပြီးသူများအား မိနစ် ၃၀ ခန့်နားနေစေကာ ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့သည်။ အဆိုပါကာကွယ်ဆေးကို ဧပြီ ၁ ရက်မှ ၄ ရက်အထိ ပညာရေးဝန်ထမ်း ၁၁၅၆ ဦး ဆရာတော်၊ သံဃာတော်နှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၁၆၅ ပါးနှင့် ဒေသခံပြည်သူများအား ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာန ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ရမည်းသင်း ဧပြီ ၅**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာန ရိပ်သာခန်းမ၌ ဧပြီ ၃ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာနဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်း စုစုပေါင်း ၁၀၉ ဦးအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပြီး ဝန်ထမ်းမိသားစုဝင်၃၅တို့အားပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ ဆေး ထိုးနှံပေးလျက် ရှိကြောင်း သိရသည်။

**ရမည်းသင်း**
**(ခရိုင် ပြန်/ဆက်၊)**

## အခြေခံပညာ မူလတန်းအဆင့် Grade-4 သင်ရိုးသစ် မြို့နယ်အဆင့် မွမ်းမံသင်တန်းပို့ချ

**မောင်တော**
ရခိုင်ပြည်နယ် မောင်တောမြို့၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade-4 သင်ရိုးသစ် မြို့နယ်အဆင့်မွမ်းမံသင်တန်းကို ဧပြီ ၅ ရက် နံနက် ၉ နာရီမှစတင်ကာ အ.ထ.က (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပို့ချပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးကြာစိန်အောင်ထံမှ သိရသည်။

အဆိုပါ အခြေခံပညာ မူလတန်းအဆင့် Grade-4 သင်ရိုးသစ် မြို့နယ်အဆင့် မွမ်းမံသင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းပြ ဆရာ/ဆရာမ ၇၀၂ ဦးအား၊ နည်းပြ ၁၉ ဦးတို့က မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ ကာယပညာ၊ အနုပညာ၊ ပန်းချီ၊ အနုပညာဂီတ စသည့် ဘာသာရပ် ၁၀ မျိုးကို ပြန်လည်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းပို့ချပေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန် ချက်များနှင့်အညီ နှာခေါင်းစည်းများတပ်ဆင်စေကာ တစ်ဦးနှင့်တစ်ဦး ခပ်ကွာကွာနေစေ၍ ဧပြီ ၅ ရက်မှ ဧပြီ ၇ ရက်အထိ သုံးရက်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ခရိုင်ပြန်/ဆက်)**



**မယ်စဲ့**
ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် အခြေခံပညာမူလတန်း (Grade-4) သင်ရိုး မွမ်းမံသင်တန်းဖွင့်လှစ်ခြင်းကို ဧပြီ ၅ ရက် နံနက် ၉ နာရီက မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခြေခံပညာကျောင်းများသည် ကိုဗစ်-၁၉ ရာဂါကာလ ကျောင်းများပိတ်ထားလျက်ရှိရာမူလတန်းအဆင့် ဆရာ၊ ဆရာမများအား သင်ကြားရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနက မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိနေပြီး ယနေ့ ဖွင့်လှစ်သော (Grade-4) သင်ရိုးမွမ်းမံသင်တန်းကို မယ်စဲ့မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ဆရာ၊ ဆရာမ ၂၆ ဦး တက်ရောက်ခဲ့ပြီး နည်းပြသုံးဦးက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**စိုင်းလျှမ်း(ပြန်/ဆက်)**



**ကျောက်ဆည်**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ သင်ကြားမှုသင်ယူမှုလုပ်ငန်းများ အောင်မြင်စေရေးအတွက် အထက်တန်းကျောင်းအုပ်ကြီးများ၊ အလယ်တန်းကျောင်းအုပ်ကြီးများ၊ အထက်တန်း၊ အလယ်တန်းအဆင့် Grad(10)၊ Grade (7) ဆရာ၊ ဆရာမများနှင့် မူလတန်းပြဆရာ၊ ဆရာမများအား မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ ဧပြီ ၅ ရက် နံနက် ၉ နာရီက Gread-4 သင် ဆရာ၊ ဆရာမ ၉၄၃ ဦးတို့အား အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ဆောင်တွင် မွမ်းမံသင်တန်း ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း များမှ Gread-4 အတန်းသင် ဆရာ၊ ဆရာမ ၉၄၃ ဦးအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်လမ်းညွှန်ချက်များနှင့်အညီ သင်တန်းနည်းပြ ၃၆ ဦးတို့က သတ်မှတ်ရေးဆွဲထားသည့်သင်ကြားရေးဘာသာရပ်အချိန်များအတိုင်း ဧပြီ ၅ ရက်မှ ၇ ရက် အထိ သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်းခွဲ ၂၂ ကျောင်း၊ အလယ်တန်း၊ အလယ်တန်းကျောင်းခွဲနှင့် မူလတန်း၊ မူလတန်းလွန်ကျောင်းနှင့် မူလတန်းကျောင်းခွဲ ၁၆၄ ကျောင်း ရှိကြောင်း သိရပြီး ယခုလို ဆရာ ဆရာမများအား သင်ကြားရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးထားခြင်းအားဖြင့် ကျောင်းများပြန်လည်ဖွင့်လှစ်ပါက ထိရောက်အောင်မြင်သည့် သင်ယူမှုများကို ကျောင်းသူ၊ ကျောင်းသားများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက်သို့ ဆွမ်းဆန်တော် အိတ် ၁၀၀ နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးသည် ကောင်စီအဖွဲ့ဝင်များနှင့်အတူ မေ ၄ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ်မင်းကျောင်းပထမပြန်စာသင်တိုက်သို့ ဆွမ်းဆန်တော်အိတ် ၁၀၀ နှင့် လှူဖွယ်ပစ္စည်းများ သွားရောက်လှူဒါန်းကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး သန်လျင်မြို့နယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မင်းကျောင်းပထမပြန်စာသင်တိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်ထံမှ ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆွမ်းဆန်တော် ၂၄ ပြည်ပါဆန်အိတ် ၁၀၀ နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် လှူဒါန်းမှုများအတွက် ဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး (မြန် /ဆက်)

■





# ဥတ္တရသီရိမြို့နယ်၌ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

ဥတ္တရသီရိ မေ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်း ၁၁၉၅ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါဆေးရုံတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်း ဖြစ်သည်။

ထို့ပြင် ဥတ္တရသီရိမြို့နယ်အတွင်း အသက် ၆၅ နှစ်နှင့်အထက် ပြည်သူ ၄၀၂၀ အား မေ ၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ကို(မြန်/ဆက်)

# ချောင်းမငယ်ဆည်ရေသောက်ဧရိယာတွင် သီးနှံသစ်တောရောနှောစိုက်ခင်း ထူထောင်ရေးနှင့် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် မေ ၅

စိုက်ပျိုးရေးလုပ်ငန်းများအပြင် မွေးမြူရေးလုပ်ငန်းများနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိစေပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းပေးနိုင်မည့် သီးနှံသစ်တောရောနှောစိုက်ခင်းများ ထူထောင်ရေးကို ချောင်းမငယ်ဆည်ရေသောက် ဧရိယာတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးရွာ ခုနစ်ရွာရှိ ချောင်းမငယ် ဆည်ရေသောက် ဧရိယာတွင် မိုးစပါး ဧက ၁၇၀၀ ကျော်၊ နွေစပါး ဧက ၄၀၀ ကျော်အပါအဝင် သီးနှံစုံစိုက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးလုပ်ကိုင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒေသနေပြည်သူများ မွေးမြူရေးလုပ်ငန်းများနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် ခေတ်မီနည်းပညာများအသုံးပြုနိုင်ရန်၊ လယ်ယာသုံးစက်ကိရိယာအသုံးပြုမှု ပိုမိုဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မေ ၄ ရက် နံနက်ပိုင်းတွင် ပေတုန်းမျှောင်ကျေးရွာ၌ ၁၀ တန်းသွား တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲကိုလည်းကောင်း၊ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့်ကြားပေါင်းလိုက်ကိရိယာအသုံးပြုမှု လက်တွေ့သရုပ်ပြခြင်းကိုလည်းကောင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော စပါးခင်းအား ကြားပေါင်းလိုက် သမန်းနှိုးခြင်းကိုလည်းကောင်း ဒေသခံတောင်သူများနှင့်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများက တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)



# မံစီမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူများကို ဒုတိယအကြိမ် ထပ်မံထိုးနှံပေး

မံစီ မေ ၅

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ပထမအကြိမ် ထိုးနှံပြီးသူများအား ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းကို ယနေ့ နံနက် ၉ နာရီမှစတင်၍ အခြေခံပညာအလယ်တန်းကျောင်း(ကောင်ရာ)ခန်းမဆောင်၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး(COVISHIELD)ကို မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံဆောင်ရွက်ပေးလျက်ရှိပြီး မတ် ၅ ရက်မှ မတ် ၂၀ ရက်အထိ ပထမအကြိမ်အဖြစ် လူဦးရေစုစုပေါင်း ၂၀၁၇ ဦးကို မံစီမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမနှင့် တိုင်းရင်းဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများနှင့် အမှတ်(၃၁၉)ခြေမြန်တပ်ရင်း၊ အမှတ်(၆၀၁)ခြေမြန်တပ်ရင်းတို့မှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ထိုးနှံပေးခဲ့ကြသည်။

မတ် ၅ ရက်တွင် ပထမအကြိမ် ထိုးနှံပြီးသည့်သူများအား ရက်သတ္တလေးပတ်ခြားပြီး ဒုတိယအကြိမ်မြောက် ထပ်မံထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(မြန်/ဆက်)

# ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အသက် ၄၀ နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံ

ပြင်ဦးလွင် မေ ၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အသက် ၄၀ နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်) စတင်ထိုးနှံခြင်းကို မေ ၄ ရက် နံနက်ပိုင်းက ရပ်ကွက်ကြီး (၅)၊ အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း ချယ်ရီခန်းမ၌ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



ရှေးဦးစွာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ စာရင်းရေးသွင်းခြင်းနှင့် သွေးပေါင်ချိန်ခြင်းတို့ပြုလုပ်ပြီး ကာကွယ်ဆေးများကို စနစ်တကျ ကိုင်တွယ်အသုံးပြုကာ စတင်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မေ ၄ ရက်မှ စတင်ပြီး ပြည်သူများအား ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ စတင်ထိုးနှံပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ခရိုင်(မြန်/ဆက်)

## ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဂ္ဂါဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်သူ၊ ပြည်ပဘုရားဖူးများလာရောက်ဖူးမြော်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာ့ဗိမာန်တော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာဟည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၃၃၁၁၀၈၀၊ ၀၆၇-၃၀၀၀၅
(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၈၁၂၂၅၄၊ ၀၉-၂၅၅၂၅၂၆

ဘဏ္ဍာငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ
ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

# စစ်တွေမြို့၌ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပမည်

စစ်တွေ ဧပြီ ၅

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းပြန်ကြားရေးတာဝန်ခံ ပြည်နယ်ဥပဒေချုပ် ဦးလှသန်းက ပြောကြားသည်။



၂၀၁၆ ခုနှစ်က ရခိုင်ရိုးရာသင်္ကြန်ပွဲတော်နှင့် ရခိုင်ရိုးရာနံ့သာသွေးပွဲ ကျင်းပစဉ်။

"ကိုဗစ်-၁၉ နဲ့ပတ်သက်လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ထုတ်ပြန်ထားတဲ့ အမိန့်နဲ့ ညွှန်ကြားချက်တွေကိုတော့ မလျှော့ချသေးဘူး။ ဒါကြောင့် ဒီနှစ်မှာတော့ သင်္ကြန်လုပ်ချင်သူတွေလည်း လုပ်လို့ရအောင်၊ တိုင်းသူပြည်သားတွေလည်း နှစ်ကူးသင်္ကြန်မှာရိုးရာစဉ်လာမပျက် သင်္ကြန်ရေစိုပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်မယ်ဆိုရင်တော့လုပ်ပါလို့ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီကတော့ ခွင့်ပြုထားပါတယ်" ဟု ပြောကြားသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားချက်ဖြစ်သော လူ ၅၀ ထက်မပိုသည့် သတ်မှတ်ချက်ကို လျှော့ချထားခြင်းမရှိသည့်အတွက်ကြောင့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ သင်္ကြန်ပွဲတော်ကို ကျင်းပရန် ခွင့်ပြုထားသည်။

ထို့အပြင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "ရိုးရာစဉ်လာမပျက် သင်္ကြန်ပွဲနဲ့ပတ်သက်တဲ့အရာတွေကို လုပ်ဆောင်ဖို့တော့ရှိပါတယ်။ နောက်ပြီးတော့ ရခိုင်ရိုးရာလောင်းလှေနဲ့ရေကစားတာကို ပြုလုပ်ပေးသွားမယ်။ ဒါကို စစ်တွေမြို့ ရှုခင်းသာလမ်းမှာပြုလုပ်ပေးသွားပါမယ်။ တခြားသော ရပ်ကွက်တွေ၊ ကျေးရွာတွေမှာ လုပ်မယ်ဆိုရင်လည်း လုပ်ဖို့ခွင့်ပြုပေးပါမယ်။ သို့သော် လူ ၅၀ ထက်မပိုအောင်တော့ ထိန်းသိမ်းပေးဖို့တာဝန်ခံရမယ်။ နောက်ပြီးတော့ ရခိုင်ရိုးရာသင်္ကြန်နဲ့ တစ်ဆက်တည်းရှိတဲ့ နံ့သာသွေးပွဲရှိပါမယ်။ ဘုရားရေသပ္ပာယ်တာတွေရှိပါမယ်။ ဒါတွေကိုလည်း ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့အတိုင်း လုပ်ဆောင်သွားပါမယ်"ဟု ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက ပြောကြားသည်။

ရခိုင်ရိုးရာနံ့သာသွေးပွဲနှင့်ဘုရားရေသပ္ပာယ်ခြင်းကို ယခင်နှစ်ကကဲ့သို့ ကျင်းပသွားမည်မဟုတ်ဘဲ တစ်ရက်တည်း ကျင်းပသွားမည်ဖြစ်သည်။ ယခင်နှစ်များတွင် နံ့သာသွေးပြိုင်ပွဲကို နှစ်ရက်ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းကြောင့် ပြိုင်ပွဲကျင်းပခြင်းကို လုပ်ဆောင်သွားမည်မဟုတ်ကြောင်း၊ နံနက်ပိုင်းတွင်နံ့သာသွေးပြီး ရရှိလာသည့်နံ့သာရည်များဖြင့် ယင်းနေ့တွင် စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးသို့ ဘုရားရေသပ္ပာယ်ရန် သွားမည်ဖြစ်သည်။ ကိုဗစ်ကာလဖြစ်သည့်အတွက် ပြည်သူအားလုံး သင်္ကြန်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆင်နွှဲသွားရမည်ဖြစ်သည်။

တင်ထွန်း(ပြန်/ဆက်)

■

# မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး



နေပြည်တော် မေ ၅

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များနှင့် ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်များကို နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသည့်အပြင် ယနေ့တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Center ၌ ရန်ကုန်မြို့အခြေစိုက်သံရုံးများဖြစ်ကြသော အိန္ဒိယသမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နီပေါနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ကာတာနိုင်ငံတို့မှ သံအမတ်ကြီးများ၊ သံရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း ၇၃ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့သည်။

ထိုးနှံပေးခဲ့သည့် ကာကွယ်ဆေးအမျိုးအစားမှာ နိုင်ငံတော်မှ ပြည်သူ့ဘဏ္ဍာငွေဖြင့် အကုန်အကျခံ ဝယ်ယူထားသည့် COVISHIELD ကာကွယ်ဆေးဖြစ်ပြီး ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို

စာမျက်နှာ ၇ ကော်လံ ၁ သို့ ○

## ကြေးမုံ ယနေ့ ဖတ်စရာ

မိုဘိုင်းဖုန်းထုတ်လုပ်ရေးလုပ်ငန်းကို ရပ်ဆိုင်းမည်ဟု တောင်ကိုရီးယား နည်းပညာကုမ္ပဏီ အယ်လ်ဂျီအီလက်ထရွန်နစ် ပြောကြား

စာမျက်နှာ » ၁၁

အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းကျော် စံချိန်တင်တွေ့ရှိ

စာမျက်နှာ » ၁၂

မေ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၉ ဦး တွေ့ရှိ

စာမျက်နှာ » ၁၆

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရေဝတီဌာနခွဲ)မှ မန္တလေး - ဗန်းမော် သင်္ဘောခရီးစဉ်များ ပုံမှန်ပြေးဆွဲလျက်ရှိ

နေပြည်တော် မေ ၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေဝတီဌာနခွဲ (မန္တလေး)မှ မန္တလေး - ဗန်းမော် ခရီးစဉ်ကို တစ်ပတ်လျှင် နှစ်ခေါက်(တနင်္လာ၊ ကြာသပတေး)နေ့တိုင်း နံနက် ၆ နာရီတွင် ဂေါဝိန်ဆိပ်ကမ်းမှ ထွက်ခွာ၍ ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❋





# မန်ယူအသင်းက ဘရိုက်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် ၂ နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့

မန်ယူအသင်းနဲ့ ဘရိုက်တန်အသင်းတို့ ယမန်နေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူအသင်းက ဘရိုက်တန်အသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အနိုင်ရရှိ

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဘရိုက်တန်အသင်းဟာ ပွဲကစားချိန် ၁၃ မိနစ်မှာ ဝဲလ်ဘက်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပေမယ့် အိမ်ရှင်မန်ယူအသင်းက ပွဲကစားချိန် ၆၂ မိနစ်မှာ ရက်ရှ်ဖို့ဒ်ရဲ့ သွင်းဂိုးနဲ့ ပွဲကစားချိန် ၈၃ မိနစ်မှာ ဂရင်းဝုဒ်ရဲ့သွင်းဂိုးတို့ ရရှိခဲ့တာကြောင့် မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ အဲဒီပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ယခုနှစ်ဘောလုံးရာသီမှာ ဘရိုက်တန်အသင်းကို နှစ်ကျော့စလုံးမှာ ဦးဆောင်ဂိုးပေးလိုက်ရပေမယ့် နှစ်ကျော့စလုံးအနိုင်ရရှိခဲ့တဲ့ မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် မန်ယူအသင်းဟာ ယခုနှစ်ဘောလုံးရာသီမှာ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးမှ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ရှစ်ပွဲအထိ ရှိလာခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✪